# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၆၀)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၂ ရက် ၊ ၁၇-၅-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်

### မြို့တစ်မြို့ချင်းစီအလိုက်ကောင်းအောင်ဆောင်ရွက်ခြင်းသည် နိုင်ငံကိုကောင်းအောင် တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလို

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးတင်ပြ**

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ပြင်ဦးလွင်ဒေသသို့ ရောက်ရှိစဉ် ပြင်ဦးလွင်မြို့ရေရရှိရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး၊

စာမျက်နှာ ၃ သို့ ☆

**ယနေ့ ဖတ်စရာအညွှန်း**


ပဲမျိုးစုံနှင့် ပဲပိစပ် ပိုမိုစားသုံးခြင်းဖြင့် သွေးတိုးရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်
စာမျက်နှာ ၁၀

ချူအာ ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို
စာမျက်နှာ ၁၁

ကျန်းမာရေးအတွက် ဆေးနည်းများ (ဆောင်းပါး)
စာမျက်နှာ ၁၄


## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများသို့ ဝင်ရောက်

နေပြည်တော် မေ ၁၆

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မိုး/ဇလ




၂၀၂၆ ခုနှစ် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့် ရက်ပြပုံ။

၂၀၂၆ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# ရှိသေ၊ လေးစား၊ မေတ္တာပွားခြင်းဖြင့် အပြန်အလှန် ဆက်ဆံသွားကြရမည်

လောကကြီး၏ အလှကို တစ်ဦးကောင်း၊ တစ်ယောက်အားဖြင့် မစွမ်းဆောင်နိုင်ပါ။ လူသားအားလုံး "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" စကားအတိုင်း တစ်ဦးအကျိုးကို တစ်ဦးက အကျိုးပြုပေးခြင်းဖြင့် တင့်တယ်ခန့်ညားနေမည်ဖြစ်သည်။ သဘာဝတောတောင်ရေမြေတို့၏ အလှတို့ကို အစဉ်အဆက် သာယာလှပစေရန် လူသားတို့က ပြုပြင်ထိန်းသိမ်းမှုဖြင့် တည်တံ့စေရာဖြစ်သည်။ ထို့ကြောင့် ဩကာသလောကကြီးတွင် တစ်ဦးကိုတစ်ဦး ရှိသေ၊ လေးစား၊ မေတ္တာပွားခြင်းဖြင့် အပြန်အလှန် ဆက်ဆံသွားကြရမည်ဖြစ်သည်။ လောကကြီးတွင် တစ်ဦးတစ်ယောက်တည်း ရပ်တည်၍ မရနိုင်ပေ။ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများ လိုအပ်မည်ဖြစ်သည်။ ထို့ပြင် မိတ်ဆွေအပေါင်းအသင်းများကြားတွင် သူ့အကျိုးကိုတတ်နိုင်သမျှ ဆောင်ခြင်းဖြင့် မိမိအကျိုးကိုလည်း အောင်မြင်ပြီးမြောက်စေမည်လည်းဖြစ်သည်။ ကိုယ့်အကျိုး၊ သူ့အကျိုးကို မျှတအောင် ဆောင်ရွက်နေနိုင်သမျှကာလပတ်လုံး နှစ်ဦးနှစ်ဖက် ကြည်ဖြူချမ်းမြေ့မှုကို ရရှိစေမည်ဖြစ်သည်။

လောကကြီးတွင် လူတစ်ဦးတည်းသာ နေထိုင်အသက်ရှင်ရန် ဖွဲ့စည်းထားခြင်းမဟုတ်ပါ။ သက်ရှိ၊ သက်မဲ့များစွာ နေထိုင်ရန် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လူသားများအနေဖြင့် အချင်းချင်း ရင်းနှီးချစ်ခင်စွာဖြင့် ပေါင်းသင်းဆက်ဆံကြရသည်။ ၎င်းတို့သည် မိသားစုအနေဖြင့် အသီးသီးဖွဲ့စည်းနေထိုင်ကြ၍ ထိုမိသားစုတစ်စုစီမှစ၍ မိသားစုပေါင်းများစွာ ပေါင်းသင်းဆက်ဆံကြရပြီး တစ်ဦးနှင့်တစ်ဦး ကူညီကြခြင်းဖြင့် တစ်နိုင်ငံလုံး အကျိုးပွားစေရန် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ထို့ပြင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား စသည့်လူတန်းစားအဆင့်တိုင်းတွင် တစ်ဦး၏အကျိုးကို တစ်ဦးက သိတတ်စွာဖြင့် ဖြည့်ဆည်းပေးခြင်းဖြင့် မင်္ဂလာရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပြီးဖြစ်ပေသည်။ သားသမီးအကျိုးကို မိဘတိုင်းက ဖြည့်ဆည်းပေးလျက်ရှိသည်။

တပည့်တို့၏အကျိုးကိုလည်း ဆရာများက ဖြည့်ဆည်းပေးလျက်ရှိသည်။ အလုပ်သမားများ၏ အကျိုးကိုလည်း အလုပ်ရှင်များက ဖြည့်ဆည်းပေးခြင်းဖြင့် လောကကြီးငြိမ်းချမ်းသာယာလျက်ရှိသည်။ ထိုအခါ မိဘနှင့်သားသမီးကြား၊ ဆရာနှင့်တပည့်ကြား၊ အလုပ်ရှင်နှင့်အလုပ်သမားကြား လူတန်းစားခွဲခြားမှု မြူမှိုင်းများ ကင်းဝေး၍ လောကနိဗ္ဗာန်ကို ခံစားစံစားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လောကနိဗ္ဗာန်ခံစားလိုသူတိုင်းသည် ကိုယ့်အကျိုးသူ့အကျိုး မျှတအောင် ဆောင်ရွက်တတ်ရန် အရေးကြီးလှပါသည်။

လောကကြီးကို သာယာလှပစေလိုသူတိုင်းသည် တစ်ဦးနှင့် တစ်ဦး အပေးအယူမျှတမှုသာ အဆင်ပြေနိုင်ပြီး ဘဝအမောတွေ ကင်းဝေးနိုင်မည်ဖြစ်သည်။ အများအကျိုးဆောင်ရွက်လိုသော စိတ်ဓာတ်တည်ရှိကိန်းအောင်းကြရန်လည်း လိုအပ်မည်ဖြစ်သည်။ အတ္တဟိတနှင့် ပရဟိတ နှစ်မျိုးတွင် ပရဟိတဟု ခေါ်ဆိုသော အများအကျိုးကို ဦးစားပေးဆောင်ရွက်ပေးခြင်းဖြင့် ကိုယ့်အကျိုးကိုပါ အောင်မြင်စေနိုင်ပါသည်။ ထို့ကြောင့် အများအကျိုးကို သယ်ပိုးလိုစိတ်မွေးမြူသင့်လှပါသည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း ရှိသေ၊ လေးစား၊ မေတ္တာပွားခြင်းဖြင့် အပြန်အလှန် ဆက်ဆံသွားကြရမည်ဖြစ်ပြီး လောကပတ်ဝန်းကျင်တွင်လည်း အများနှင့်နေထိုင်ရသဖြင့် အများနှင့်လိုက်လျောညီထွေရှိအောင် နေထိုင်တတ်ရပါမည်။ အများအကျိုးဆောင်ရွက်လိုသော စိတ်ဓာတ်ထားရှိကာ ကိုယ့်အကျိုး၊ သူ့အကျိုးမျှတအောင် ဆောင်ရွက်တတ်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက် ပုဂံခေတ်တိန်လယ် အလိုတော်ပြည့်ဘုရား (ပဋ္ဌမအကြိမ်) ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ ကျင်းပ

**ကျောက်ဆည် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက် ရွာဦးရတနာ သိမ်ကျောင်းတိုက်အတွင်းရှိ ပုဂံခေတ်က တည်ထားကိုးကွယ်ခဲ့သော တိန်လယ်အလိုတော်ပြည့်ဘုရား (ပဋ္ဌမအကြိမ်) ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက တိန်လယ်အလိုတော်ပြည့်ဘုရား ရင်ပြင်တော်တွင် ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ(ဆူးကုန်းရပ်ကွက်)၊ မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာစာရ အမှူးပြုသော ပင့်သံဃာ အပါး ၇၀ တို့က ဘုရားအနေကဇာတင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ခုနစ်ရက်သားသမီး၊ ပြည်သူ၊ ပြည်သားများစုပေါင်း၍ ပင့်သံဃာများအား အရဏ်ဆွမ်းဆက်ကပ်ခဲ့ပြီး ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများ လောင်းလှူခဲ့ကာ နိုင်ငံတော်ဩဝါဒါစရိယ (ဆူးကုန်းရပ်ကွက်)၊ မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာစာရထံမှ ရေစက်သွန်းချ အနုမောဒနာတရား နာယူကြည်ညိုခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## ကျောက်ပန်းတောင်းမြို့နယ်၌ မိုးဦးရွာသွန်းမှုနှင့်အတူ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ စတင်

**ကျောက်ပန်းတောင်း မေ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ဧပြီ ၂၈ ရက်တွင် ရွာသွန်းခဲ့သည့် မိုးသက်လေပြင်းနှင့်အတူ မေလဆန်းတွင် ဆက်လက်ရွာသွန်းခဲ့သော မိုးဦးဖြင့် တောင်သူများ လုပ်ငန်းခွင်ဝင်ရောက်နေကြပြီဖြစ်ရာ မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ စတင်စိုက်ပျိုးနေကြပြီဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဧပြီ ၂၈ ရက်တွင် လေပြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မိုးရေချိန် ၁ ဒသမ ၃၄ လက်မ ရရှိခဲ့သော်လည်း ဒေသတွင်း မိုးပျံ့နှံ့မှုမရှိခဲ့ဘဲ မေ ၁၀ ရက်တွင် မိုးရေချိန် ၁ ဒသမ ၅၄ လက်မနှင့် မေ ၁၁ ရက်တွင် ၀ ဒသမ ၅၅ လက်မ ဆက်လက်ရွာသွန်းခဲ့သဖြင့် ဒေသတွင်း မိုးပျံ့နှံ့မှုရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးဦးနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်အတွင်း အဓိက စိုက်ပျိုးသီးနှံများဖြစ်သည့် မိုးမြေပဲ ဧက ၆၄၀၀၀၊ မိုးနှမ်း ၁၂၂၆၅၁ ဧက၊ မိုးနေကြာ ၁၀၃၁၄ ဧက၊ မိုးပဲတီစိမ်း ၁၂၀၀၂ ဧကနှင့် မိုးပဲစင်းငုံ ဧက ၇၅၉၇၀ စိုက်ပျိုးရန် လျာထားချက်ထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ စိုက်ပျိုးသီးနှံများ လျာထားချက် ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ရေးနှင့် သီးနှံများ ရည်မှန်းချက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဩဇာ စနစ်တကျ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိရေးတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၅၆)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)



၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မ(၈)ရပ်ကွက်မှ မြို့မိမြို့ဖများ၊ ကျောင်းသားမိဘများပူးပေါင်း၍ အ.ထ.က နွားထိုးကြီးနှင့် မြို့မ အ.ထ.က ကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ထားမှုများကို တာဝန်ရှိသူများ လိုက်လံကြည့်ရှု စစ်ဆေးစဉ်။

တင့်လွင်ဦး

## အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသစ် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး မေ ၁၆**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့သည့် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို အဆိုပါနေရာတွင် အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ ပြီးစီး၍ ယနေ့နံနက်ပိုင်းက အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်းနှင့် ရုံးဆိုင်းဘုတ်တင်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါ အဆောက်အအုံမှာ ပေ ၅၀ × ပေ ၂၀ ရှိ တစ်ထပ်အာစီရုံ အဆောက်အအုံဖြစ်ပြီး အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ၏ လမ်းညွှန်မှု၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ အနီးကပ်ကြီးကြပ်မှု၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ ပြီးစီး၍ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

စိမ်းလန်းစိုပြည်ရေးတို့နှင့် ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးကဏ္ဍတွင် အဓိကသီးနှံများ၊ ပန်းတိုင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်း ဖူလုံမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများမှ MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီများစိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော် ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ အစိုးရသစ် ပထမရက် (၁၀၀) ကာလအတွင်း ဒေသနှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ လျာထားဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

ထို့နောက် မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များက နိုင်ငံတော်သမ္မတကြီး အနေဖြင့် ပြင်ဦးလွင်ဒေသအတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက ကျေးဇူးအထူးတင်ရှိလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြင်ဦးလွင်မြို့တွင် နှစ်စဉ် သစ်ပင်စိုက်ပွဲများကို အရှိန်အဟုန်ဖြင့် ကျင်းပပြုလုပ်၍ စိုက်ပျိုးလျက်ရှိမှုနှင့် သစ်ပင်စိုက်ပျိုးမှုများကို ကျေးရွာအုပ်စု၊ ကျေးရွာခွဲများအထိ စိုက်ပျိုးစေလိုမှု၊ ပြင်ဦးလွင်မြို့တွင် ကော်ဖီနှင့် ဝိုင်ထုတ်လုပ်မှုကို One Village One Product အဖြစ်လုပ်ဆောင်လျက်ရှိပြီး အထွက်နှုန်းကောင်းမွန်သည့် အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့် ပျိုးပင်များ လိုအပ်လျက်ရှိမှု၊ ဂဲလောင်ချောင်းပြုပြင်ပြီးနောက်ပိုင်း ပြင်ဦးလွင်မြို့အတွင်း ရေကြီးရေလျှံမှု မရှိတော့သည့်အတွက် မြို့သူမြို့သားများအနေဖြင့် အထူး ကျေးဇူးတင်ရှိလျက်ရှိမှု၊ ပြင်ဦးလွင်ဒေသတွင်း နွားနို့နှင့် နို့ထွက်မလိုင်၊ ထောပတ်များ ထုတ်လုပ်လျက်ရှိမှုနှင့် အရည်အသွေး ပိုမိုကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေး အတွက် လိုအပ်သည့် စက်ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်ရရှိလိုမှု၊ ဒေသအတွင်း ကော်ဖီများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အညီ နည်းပညာမြင့် စက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်ရရှိလိုမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊ ကော်ဖီ ထုတ်လုပ်မှုတွင် ကုန်ကြမ်းအဆင့်မှ ကုန်ချောအဖြစ် ထုတ်လုပ်ရာ၌ အဆင်ပြေစေရန်အတွက် ကော်ဖီစက်ရုံများအတွက် မြေနေရာဖော်ဆောင်ပေးစေလိုမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် နိုင်ငံတော်က ထုတ်ချေးပေးမှုအပေါ် ကျေးဇူးတင်ရှိလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

❖ ပြင်ဦးလွင်မြို့အား ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ၊ မြို့ပေါ်နေ လူဦးရေများ ထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်း များပြားလာ၊ အဆိုပါ စွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့် ပြန်လည်အသုံးချ၍ မြို့အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်သွားရန်လို

❖ ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးသွားများ လာချင့်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချပြီး ခရီးသွားများအား ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်

**ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေး**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည် ဆွေးနွေးပြောကြားရာတွင် အများသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဓီးပင်ကြီး-ပြင်ဦးလွင်-ကျောက်မဲ ရထားခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဂုတ်ထိပ်ရှုခင်းကြည့် ရထားခရီးစဉ်အား ခရီးသွားကဏ္ဍမြှင့်တင်ရေး အတွက် ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မက်မန်းစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ကော်ဖီစက်မှုဇုန်ဆောင်ရွက်လိုမှုနှင့် စက်ပစ္စည်းများလိုအပ်မှုနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ကော်ဖီသောက်သုံးမှုများ တိုးတက်လာသည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြင်ဦးလွင်ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာမြေများ၌ စိုက်ပျိုးမွေးမြူမှုများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီသာ ဆောင်ရွက်ရန်လိုအပ်မှု၊ ကျေးလက်ဒေသ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် သမဝါယမစနစ်ဖြင့် စုပေါင်းစိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းကို ဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတစ်ဝန်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြင်ဦးလွင်ဒေသအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ချေးငွေများအား စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထုတ်ချေးပေးလျက်ရှိမှုနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်သမ္မတက ပြင်ဦးလွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခင်က မိမိပြင်ဦးလွင်မြို့သို့ လာရောက်ခဲ့သည့် ခရီးစဉ်များအတွင်း မြို့တွင်းလမ်းများစနစ်တကျရှိရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်ကွက်ကြီး (၈) နှင့်(၁၀)အတွင်းရှိ အဓိကကျသည့် လမ်း ငါးလမ်းအား အဆင့်မြှင့်တင်ရေးဆောင်ရွက်ခဲ့ပြီး ယနေ့တွင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင် ဒေသခံများရှိသကဲ့သို့အခြားဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာသူများလည်း ရှိကြောင်း၊ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့တွင်နေထိုင်သူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နေထိုင်ရာ အိမ်ခြံမြေများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်မှုများရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန် လိုကြောင်း။

ပြင်ဦးလွင်ဒေသအနေဖြင့် ယခင်ဆယ်စုနှစ် နှစ်စုကာလခန့်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက များစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် သဘာဝကပေးထားသည့် ရာသီဥတုအေးချမ်းသာယာပြီး နေထိုင်ရန်ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့အား ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပေါ်နေ လူဦးရေများထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်းများပြားလာကြောင်း၊ ထို့ကြောင့် အဆိုပါ စွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့် ပြန်လည်အသုံးချ၍ မြို့အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုများ ပိုမိုကောင်းမွန်လာမည်ဆိုပါက ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပိုမိုများပြားစွာဖြင့် လာရောက်ကြမည်ဖြစ်ပြီး ခရီးသွားလာလည်ပတ်ရန်ကောင်းမွန်သည့်မြို့အဖြစ် ပြင်ဦးလွင်၏ ဂုဏ်ဒြပ်သည် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများ စားသုံးရန်နှင့် ဒေသတွင်းရှိ ပြည်သူများစားသုံးရန် လိုအပ်သည့် အစားအသောက်များအတွက် အသား၊ ငါးနှင့် ဥများကို ဒေသတွင်း၌ပင် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးသွားများ လာချင့်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချပြီး ခရီးသွားများအား ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း။ စာမျက်နှာ ၄ သို့☆






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရတနာပုံမြို့သစ်စီမံကိန်း၌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

✰ စာမျက်နှာ ၃ မှ

ပြင်ဦးလွင်မြို့သည် ပန်းမျိုးစုံနှင့် ရာသီသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်သကဲ့သို့ ချယ်ရီပင်များစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်း၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဒေသမျိုးရင်းပန်းမျိုးများကို ပိုမိုဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်သွားကြရန် လိုကြောင်း၊ အလားတူ မက်မန်းစိုက်ပျိုးမှုများကိုလည်း ယခင်ကတည်းက ဆောင်ရွက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့၏ ထုတ်ကုန်တစ်ခုအနေဖြင့် ရှိခဲ့ကြောင်း၊ မက်မန်းပင်များကို ယခုထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြားဥယျာဉ်သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယားအပါအဝင် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပိုးစာပင်များလည်း စိုက်ပျိုးဖြစ်ထွန်းသဖြင့် ပိုးစာပင်ကိုအခြေခံသည့် ပိုးချည်မျှင်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သဖြင့် ရေရှည်အတွက်ကြည့်၍ ပြင်ဦးလွင်ဒေသ၏ ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ယခင်ကတည်းက နာမည်ရှိပြီး အရည်အသွေးလည်း ကောင်းမွန်မြင့်မားသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ယခုထက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေမှုနှင့် ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

ပြင်ဦးလွင်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်တောသစ်ပင်များသည် အအေးဓာတ်ကို ထိန်းသိမ်းနိုင်ခြင်းကြောင့် သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းမှုများကို တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် စိုက်ပျိုးသွားကြရန် လိုကြောင်း၊ သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ညီညွတ်မျှတသည့်ရာသီဥတုကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ ရေလုံလောက်စွာရရှိစေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရေကိုအကျိုးရှိစွာဖြင့် သုံးစွဲသွားကြရန်လိုကြောင်း၊ အလားတူ မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရန်နှင့် အမှိုက်သရိုက်များ ရှင်းလင်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့် ပတ်သက်၍ အစဉ်အလာကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်း ၂၅ ရာခိုင်နှုန်းခန့်ရှိပြီး ပညာရေးကို ကြိုးစားမြှင့်တင်နေကြကြောင်း၊ နိုင်ငံတော်က ဖွင့်လှစ်ထားသောကျောင်းများအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးကို အားပေးဆောင်ရွက်သွားကြစေလိုပြီး ကျောင်းများအားလုံး စနစ်တကျဖြစ်စေရေး၊ သတ်မှတ်စည်းကမ်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လည်း လိုကြောင်း၊ သက်ဆိုင်ရာအတန်းအလိုက် သင်ကြားပေးလိုက်သည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်သည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် သင်ကြားပေးသွားရန် လိုကြောင်း၊ မိမိတို့၏သားသမီးများ ပညာတတ်များဖြစ်စေရေးနှင့် စည်းကမ်းကောင်းသည့်လူငယ်များ၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ၊ ဂါရဝတရားများဖြင့် နေထိုင်တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းနေရာခိုင်နှုန်း မြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ၏ တစ်ဦးချင်းဘဝ တိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပညာရေးကဏ္ဍအတွက် အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၈၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကိုလည်း ပညာရေးနှင့် ပတ်သက်၍ စံပြမြို့ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

အားကစားကဏ္ဍနှင့်ပတ်သက်၍ ခရိုင်အားကစားကွင်းအား ပြန်လည်ပြင်ဆင်ပေးလျက်ရှိပြီး ရပ်ကွက်အလိုက် အပန်းဖြေနေရာများ၊ ပန်းခြံများ၊ အားကစားကွင်းများ ဆောက်လုပ်ပေးသွားရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှား အားကစားများ လုပ်ဆောင်ခြင်းဖြင့် ကလေးငယ်များ၊ လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်မှုများ တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ လူငယ်များ၏ အားကစားမြှင့်တင်နိုင်ရေးအတွက် အခြေခံပညာကျောင်းများမှစတင်၍ ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ရပ်ကွက်များအလိုက် အားကစားကွင်းများ၊ ကလေးကစားကွင်းများနှင့် အပန်းဖြေနေရာများကို ဖော်ဆောင်ပေးသွားရန် လိုကြောင်း။

ကျေးလက်ဒေသများ၌ ကျန်းမာရေးနှင့်လျော်ညီသည့် ယင်လုံအိမ်သာနှင့် ရေလောင်းအိမ်သာများဖြစ်စေရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ပေးသွားရန် လိုကြောင်း၊ အလယ်တန်းအဆင့် ကျောင်းများအားလုံးနှင့် ကျေးရွာများအလိုက် စာကြည့်တိုက်များရှိရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များအတွင်း ဗဟုသုတနှင့်အသိပညာ၊ အတတ်ပညာများ ရရှိစေမည့် စာအုပ်စာပေများကို ထားရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အမှန်တကယ်ဖတ်ရှုစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းပြင်ပပညာရှာမှီးရန် အထောက်အကူရသည့်အပြင် အသိပညာ၊ အတတ်ပညာရှိသည့်ပြည်သူများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ✰

✧ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဒေသမျိုးရင်းပန်းမျိုးများကို ပိုမိုဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်သွားကြရန်လို

✧ မက်မန်းစိုက်ပျိုးမှုများကိုလည်း ယခင်ကတည်းကဆောင်ရွက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့၏ ထုတ်ကုန်တစ်ခုအနေဖြင့်ရှိခဲ့၊ မက်မန်းပင်များကို ယခုထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လို

✧ အခြားဥယျာဉ်သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယားအပါအဝင် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀) ရှိ အဓိကလမ်းမကြီးငါးလမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီးငါးလမ်းကို အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၁၆

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိအဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်း စသည့်လမ်းငါးလမ်းအား အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သိင်္ဂီလမ်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များနှင့် ဒေသခံပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်အခမ်းအနားကိုစတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လမ်းအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီးငါးလမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

စာမျက်နှာ ၆ သို့ ★

---

★ စာမျက်နှာ ၄ မှ

MSME လုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များရှိမှသာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည်ပင် SME လုပ်ငန်းကိုအခြေခံ၍ စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဆက်လက်၍လည်း ဆောင်ရွက်နေကြဆဲဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းကိုအသုံးပြု၍ စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်ရန်လိုသကဲ့သို့ ပြည်တွင်းလိုအပ်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့များသည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး မြို့တစ်မြို့ချင်းစီအလိုက် ကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင် တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံများနှင့် ဒေသတွင်တာဝန်ထမ်းဆောင်နေသူများ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များ ခင်းကျင်းပြသထားရှိမှုအပေါ် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေး-လားရှိုး လမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတကလမ်းသစ်ဖောက်လုပ်နေမှုအား မိုးမကျမီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန် လိုကြောင်း၊ လမ်းနယ်အတွင်း အရိပ်ရလေကာပင်များ စနစ်တကျထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ တံတားများထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရတနာပုံမြို့သစ်စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရတနာပုံမြို့သစ်စီမံကိန်းသို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ လမ်း၊ ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနား ကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် ရရှိခဲ့သည့်အကျိုးရလဒ်များ၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများဖြင့် စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရန် လိုကြောင်း၊ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေး၊ ရေအရင်းအမြစ်များကို အပြည့်အဝနှင့် အကျိုးရှိရှိအသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများ တိုးတက်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများအနေဖြင့်လည်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေမည့် အထောက်အကူပြုပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်သွားရန် လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ၊ သွားရေးလာရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေးအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုပြီး Master Plan ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ Master Plan ကို စနစ်တကျရေးဆွဲပြီးမှသာလျှင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ စာမျက်နှာ ၅ မှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိက လမ်းမကြီး ငါးလမ်းအား အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိက လမ်းမကြီး ငါးလမ်းအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြင်ဦးလွင်မြို့သည် အေးချမ်းသာယာသည့် တောင်ပေါ်မြို့ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်သည့် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့အား အဆင့်မြှင့်တင်ခြင်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီးများ ဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်းတို့သည် ပဒေသာမြို့သစ် စတင်အကောင်အထည်ဖော်စဉ်ကတည်းကပင် တည်ရှိခဲ့ခြင်းဖြစ်ပြီး မူလလမ်းအကျယ် နှစ်လမ်းသွားဖြစ်သော်လည်း ကားနှစ်စီးတိမ်းရှောင်ရန်လုံလောက်သည့် အခြေအနေတွင်မရှိသောကြောင့် လမ်းငါးလမ်း၏ စုစုပေါင်းအရှည် ၃၂၈၁၃ ပေအား အကျယ် ၂၄ ပေအထိ လမ်းအဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ နိုင်လွန်ကတ္တရာလမ်းပေါင်း ၁၆ လမ်း၊ မိုင်အရှည်အားဖြင့် ၁၂ မိုင် ၄ ဖာလုံကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြင်ဦးလွင်မြို့အား နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘက်စုံတိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် ပြင်ဦးလွင်မြို့ ဒေသခံပြည်သူများအနေဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိက လမ်းမကြီး ငါးလမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအဆောင်နှင့် အိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၆

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများအနက် ပြန်လည်ပြုပြင်ပြီးစီးသွားသော ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များတွင် အရာထမ်း၊ အမှုထမ်းများ ပြန်လည်နေထိုင်နေမှုအခြေအနေကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ သဇင်(၁) အဆောင်(၁၀)နှင့် သဇင်(၆) အဆောင်(၁) အပျိုဆောင်များ၊ ပညာသိဒ္ဓိရပ်ကွက်ရှိ ခရေအိမ်ရာ တိုက်အမှတ် (၁၃၂)၊ (၁၃၃)နှင့် (၁၃၄)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်ရာနှင့် အဆောင်ဝင်းများအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ အိမ်ရာနှင့် အဆောင်စည်းကမ်းများနှင့်အညီ နေထိုင်နေမှု၊ ပြုပြင်ပြီးစီးသွားသည့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေ၊ ရေနှင့် လျှပ်စစ်မီးရရှိမှုတို့ကို မေးမြန်းအားပေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ဒလမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ဒလ မေ ၁၆

နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် အင်းစိန်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဒလမြို့နယ်ရှိ ဒေသခံတောင်သူများအား စိုက်ပျိုးစရိတ် တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက်က အင်းစိန်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးလှဝင်းနှင့် ဝန်ထမ်းများက ထော်အောက်ကျေးရွာရှိ တောင်သူ နှစ်ဦးနှင့် ခနောင်အထက်ကျေးရွာရှိ တောင်သူ သုံးဦးတို့၏ မိုးစပါး ၄၃ ဧကအတွက် ကျပ် ၁၂၉ သိန်းအား စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

☆ စာမျက်နှာ ၂၄ မှ

ယင်းနောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက WBPF ၏ ဂုဏ်ထူးဆောင်ဆုများကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်မှ ထူးချွန်စွာတာဝန်ထမ်းဆောင်သူ လေးဦး၊ ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုရရှိသူ အားကစားသမား သုံးဦး၊ ငွေတံဆိပ်ဆုရရှိသူ သုံးဦးနှင့် ကြေးတံဆိပ်ဆုရရှိသူ ငါးဦးတို့ကို ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများသည် စင်မြင့်ထက်မှ ပြန်လည်ထွက်ခွာပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် Men's Juniors Bodybuilding Under 21 years ပြိုင်ပွဲတွင် ပထမ မလေးရှား၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်၊ Men's Senior Bodybuilding 55kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယမြန်မာ၊ Men's Senior Bodybuilding 60kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်၊ Men's Senior Bodybuilding 65kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယဗီယက်နမ်၊ Men's Senior Bodybuilding 70kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မလေးရှား၊ တတိယမြန်မာ၊ Men's Master Bodybuilding Over 45 years ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဖိလစ်ပိုင်၊ တတိယမြန်မာ၊ Men's Sports Physique Up to 170 cm ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယ မလေးရှား၊ Men's Sports Physique over 170 cm ပြိုင်ပွဲတွင် ပထမ ထိုင်း၊ ဒုတိယ မြန်မာ၊ တတိယလာအို၊ Men's Fitness Physique One open Category ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဗီယက်နမ်၊ တတိယ ဗီယက်နမ်၊ Women's Fitness Physique One open Category ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် Trophy တို့ကို ပေးအပ်သည်။




ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် သုံးခု ရရှိပြီး နိုင်ငံအလိုက် အဆင့် (၁) နေရာတွင် ရပ်တည်လျက်ရှိပြီး မေ ၁၇ ရက်တွင် Event အမျိုးအစား ၁၂ မျိုးအား ပြိုင်ပွဲဝင်နိုင်ငံများက ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါအားကစားပြိုင်ပွဲကို မေ ၁၄ ရက် မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများတင်ဆောင်၍ သွားရောက်ပို့ဆောင်သည့်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၁၆

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပိတ်ဆို့ထားသည့် မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိဆက်သွယ်ထားသည့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား မေ ၆ ရက်တွင် အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါဒေသများတွင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသောလိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ စက်သုံးဆီများကို ယာဉ်များဖြင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ ပို့ဆောင်ပေးခဲ့သည့် သတင်းအား မေ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသာ ကုန်စည်ပို့ဆောင်ရေးယာဉ်များသည် မေ ၁၅ ရက်တွင် မြစ်ကြီးနားမြို့မှ ပြန်လည်ထွက်ခွာလာကြပြီး မိုးကောင်း - မိုးညှင်း - နန့်စီးအောင် - မော်လူး - အင်းတော် - ကသာ - ထီးချိုင့် - တကောင်း - သပိတ်ကျင်း- မတ္တရာမြို့တို့ကို ဖြတ်သန်း၍ ယနေ့ညနေပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

## ပြန်လည်လိုက်ပါလာ

မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေးယာဉ်များနှင့်အတူ မြစ်ကြီးနားမြို့အပါအဝင်လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများမှ မန္တလေးမြို့တွင် ပို့ဆောင်ရောင်းချမည့် ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် လမ်းခရီးအခက်အခဲကြောင့် ကြန့်ကြာမှုများ ဖြစ်ပေါ်နေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းတက်ရောက်ရန်သွားရောက်မည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးအခက်အခဲများကြောင့် မန္တလေးမြို့တွင် ဆေးဝါးကုသမှုခံယူရန် သွားရောက်မည့် ဒေသခံပြည်သူများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ မန္တလေး-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ ပုံမှန်အတိုင်းပြန်လည်သွားလာလျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ထို့ပြင် တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ကြပြီဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများ စသည့်ကဏ္ဍပေါင်းစုံတွင် ပြန်လည်ဖွံ့ဖြိုး တိုးတက်လာတော့မည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ်များစွာ ကျေးဇူးတင်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်







မန္တလေးမှ မြစ်ကြီးနားသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်သည့်ယာဉ်များ မြစ်ကြီးနားမှ မန္တလေးသို့ ပြန်လည်ထွက်ခွာစဉ်။

* ကမ္ဘာ့ဖလားမှ

မြန်မာအသင်းသည် သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပထမပွဲအဖြစ် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ပွဲပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၈ မှတ်ဖြင့် အပြတ်အသတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ပါဝင်သည့် ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံး ယှဉ်ပြိုင်နေပြီး သုံးယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်၊ လေးယောက်တွဲပြိုင်ပွဲတွင် တရုတ်၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

အုပ်စုဒုတိယနေ့ကို မေ ၁၇ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ဘရူနိုင်းအသင်း၊ သုံးယောက်တွဲပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲအဖြစ် မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ**-ISTAF


**တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ သဏ္ဍာန်လှပ၊ ပန်းရလိမ့်။**

# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦး ဖမ်းဆီးရမိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် အဆောက်အအုံများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၆

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်း လောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းလုပ်ကိုင်မှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်နေသည့်အပြင် နိုင်ငံတကာနှင့် ပူးပေါင်း၍လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြတ်ပြတ်သားသား ကိုင်တွယ်အရေးယူဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက် ကျေးရွာဝန်းကျင် သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မိုင်းရှူးမြို့နယ် ဟိုပုံကျေးရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် အတွင်းရှိ မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ် အနောက်ဘက်ကမ်း တစ်လျှောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်မှု မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ရာ မေ ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် မိုင်းရှူးမြို့၏ အရှေ့တောင်ဘက် ၂၆ ကီလိုမီတာခန့်အကွာ၊ လွယ်ဆောင်ထောက်ကျေးရွာ၏ အရှေ့တောင်ဘက် ၁၁ ကီလိုမီတာခန့် သံလွင်မြစ်အနီး၌ တရားမဝင်ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦးအား ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများလုပ်ကိုင်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် အဆောက်အအုံများ သိမ်းဆည်းရမိမှု နေရာပြပုံ။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တစ်ဖွဲ့သည် သံလွင်မြစ်ကမ်းတစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မိုင်းစံမြို့၏ အရှေ့ဘက် ၂၆ ကီလိုမီတာခန့်အကွာ၊ ဟိုပုံရွာ၏ အရှေ့ဘက် ၉ ကီလိုမီတာခန့် အကွာ သံလွင်မြစ်အနောက်ဘက် ကမ်းဘေး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖျက်ဆီးထားသော အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ အိပ်စင်ပါ လူနေဆောင် နှစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိလုပ်ငန်းသုံးတဲ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ဝါးတဲ အလုံး ၃၀၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ စားချက်ဆောင် တစ်လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက်ကျေးရွာဝန်းကျင် သံလွင်မြစ်အနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦးအား တွေ့ရစဉ်။

အဆိုပါ ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း အွန်လိုင်း လောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ အပါအဝင် အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေး ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ အနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်တွင် အဆိုပါ ဒုစရိုက်လုပ်ငန်းများ လုပ်ဆောင်နေသည့်သတင်းများ ရရှိပါက အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်းဖြင့် နိုင်ငံ့ကောင်းကျိုး သယ်ပိုးကြရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။

သတင်းစဉ်



မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် အဆောက်အအုံများအား တွေ့ရစဉ်။



မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လူနေတဲများအား တွေ့ရစဉ်။



မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လူနေတဲများနှင့် ထမင်းချက်တဲအား တွေ့ရစဉ်။

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိ အီသီယိုးပီးယားနိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၁၆

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကွန်ဟိန်း မေ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့ လူထုအခြေပြုဇဟိုဌာန၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်ရဲထွေးက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများ၊ လေဘေး၊ မုန်တိုင်းဘေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသော ပြည်သူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဓားကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ ဓားကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သာဝတ္တိနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် လယ်ဝေးမြို့နယ်၊ ပြောင်ခေါင်းလေးကျေးရွာလမ်းမပေါ်၌ အဆိုပါကျေးရွာနေ ဦးမောင်ညို(၆၈)နှစ်ဆိုသူသည် အရက်သေစာသောက်စားမူးယစ်ပြီး အရိုး၊ အသွား ၂၁ လက်မခန့်ရှိ ဓားကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မောင်ညို ဆိုသူအား သာဝတ္တိနယ်မြေရဲစခန်းမှ လက်နက်ဥပဒေဖြင့်လည်းကောင်း။

အလားတူ နံနက် ၁၀ နာရီခွဲက ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကဝမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အမှတ်(၃)ရပ်ကွက်၊ နှင်းဆီလမ်းအရောက်၌ ကျောင်းကြီးရပ်ကွက်နေ ဦးကိုဇင်(ခ)ဇင်ကို(၃၇)နှစ်ဆိုသူအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့်



လွယ်အိတ်အတွင်းမှ အရိုး၊ အသွား ၇ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကိုဇင်(ခ)ဇင်ကို ဆိုသူအား ကဝမြို့မရဲစခန်းမှ လက်နက်ဥပဒေဖြင့်လည်းကောင်း။

ထို့အတူ ည ၇ နာရီက ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် မြို့ရှောင်လမ်းအရောက်၌ အောင်သပြေ(၃)ရပ်ကွက်နေ ကိုဇော်မင်းဝေ(ခ)ဖိုးခွား(၂၉)နှစ်ဆိုသူနှင့် တစ်ရပ်ကွက်တည်းနေ ဦးကျော်ရွှေ (၄၂)နှစ်ဆိုသူတို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ဇော်မင်းဝေ(ခ)ဖိုးခွား ဆိုသူထံမှ ၁၇ လက်မခွဲခန့်ရှိ အရိုးမပါ ဓားရှည်တစ်ချောင်း၊ ကျော်ရွှေဆိုသူထံမှ အရိုး၊ အသွား ၁၈ လက်မခွဲခန့်ရှိ ဓားရှည်တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ နှစ်ဦးအား မိုးညှင်းမြို့မရဲစခန်းမှ လက်နက်ဥပဒေဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဆိုင်ကယ်တိမ်းမှောက်စဉ် မော်တော်ယာဉ်မှ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**တပ်ကုန်း မေ ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ ဆိုင်ကယ်တိမ်းမှောက်စဉ် မော်တော်ယာဉ်မှ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသား တစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် ညနေ ၄ နာရီခွဲက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့၊ ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၂၉၄ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တပ်ကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဇေယျာသီရိမြို့မှ တပ်ကုန်းမြို့ဘက်သို့ ဇေယျာသီရိမြို့နယ်၊ သက်နှင်းအင်းကျေးရွာနေ ဦးငြိမ်းချမ်းဌေး(၅၂)နှစ်ဆိုသူသည် DAMON 110 ဆိုင်ကယ်အား မောင်းနှင်လာရာ အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လဲကျတိမ်းမှောက်စဉ် လားရာတူနောက်မှ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ သန့်ဇင်ထွန်း(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် JAC ဆီဘောက်ဆာတွဲ ၂၂ ဘီး မော်တော်ယာဉ်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးငြိမ်းချမ်းဌေးဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိ၍ သေဆုံးသွားသောကြောင့် ငြိမ်းချမ်းဌေးနှင့် သန့်ဇင်ထွန်းဆိုသူတို့ နှစ်ဦးကို တပ်ကုန်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## သစ်ပင်လဲကျမှု ဖြစ်ပွားသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပေါင် မေ ၁၆**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်း၌ မေ ၁၄ ရက် နံနက် ၆ နာရီ ၅၅ မိနစ်ခန့်က လုံးပတ် ၆ ပေခွဲ၊ အမြင့်ပေ ၃၀ ခန့်ရှိ ညောင်ပင်သည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပွပြီး လဲကျနေကြောင်း သတင်းရရှိသဖြင့် ပေါင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီတွင် ပြီးစီးခဲ့ပြီး အဆိုပါ ဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ။

## လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် နံနက် ၇ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မန္တလေး-မုံရွာသွား ကားလမ်းပေါ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ နိုင်လင်းထွန်း(၄၃)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN AD VAN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် နိုင်လင်းထွန်းဆိုသူအား စစ်ကိုင်းမြို့ ရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပြင်ဦးလွင်-မန္တလေးအဆင်းကားလမ်း မိုင်တိုင်အမှတ် ၂၉ မိုင် ၅ ဖာလုံအနီး၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးလေးကျေးရွာနေ ကျော်မင်းထွန်း(၃၃)နှစ်ဆိုသူ မောင်းနှင်လာသည့် GT-TOURINC (EV) V-72 ဆိုင်ကယ်၊ တစ်ရွာတည်းနေ စည်သူအောင်(၂၆)နှစ်ဆိုသူ မောင်းနှင်လာသည့် DAYANG 110 ဆိုင်ကယ်၊ လက်ပံကျေးရွာနေ ပြည့်ကြီး(၃၀)နှစ်ဆိုသူ မောင်းနှင်လာသည့် SHARK(EV) V-72 ဆိုင်ကယ်နှင့် တစ်ရွာတည်းနေ မောင်မောင်ဌေး(၅၀)နှစ်ဆိုသူ မောင်းနှင်လာသည့် LUOJIA 110 ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ဆိုင်ကယ်များနှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ကျော်မင်းထွန်း၊ စည်သူအောင်၊ ပြည့်ကြီးနှင့် မောင်မောင်ဌေးတို့ လေးဦးအား ပြင်စာနယ်မြေရဲစခန်းမှ ပို့ကုန် သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

အလားတူ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊ အမှတ်(၂)ရပ်ကွက် ကားလမ်းပေါ်၌ ရေနီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်မြို့မှ မန္တလေးမြို့ဘက်သို့ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ အမှတ်(၄)ရပ်ကွက်နေ သန့်ဇင်ကို(ခ)ကိုတူး(၂၅)နှစ်ဆိုသူ မောင်းနှင်လာသော NEWZHINENG 110 ဆိုင်ကယ်အား စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် သန့်ဇင်ကို(ခ)ကိုတူးဆိုသူအား ရေနီနယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS နှင့် Arirang ကို စတင်ဖန်တီးသူ ကိုရီးယားလူငယ်ခုနစ်ဦး ဆက်စပ်မှုရှိ



ကိုရီးယားပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Arirang ကို စတင်ဖန်တီးခဲ့သည့် ကိုရီးယား လူငယ်ခုနစ်ဦး၏ သမိုင်းကြောင်းနှင့် BTS ဖြစ်ပေါ်လာပုံ နံပါတ်ခုနစ်မှာ ဆက်စပ်မှုရှိကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ လူငယ်ခုနစ်ဦးမှာ အိမ်မှ ထွက်ပြေးပြီး အင်္ဂလိပ်စကား မပြောတတ်သော်လည်း ဟားဘတ် တက္ကသိုလ်တွင် ပညာသင်ရန် စွန့်စားခဲ့ကြရာမှ Arirang ကို စတင်အသက်သွင်းခဲ့ကြသည်။

ကိုရီးယားလူငယ် ခုနစ်ဦး ခရီးနှင်ခဲ့သည့် Empress of India အမည်ရှိ ကနေဒါပစိဖိတ် ရေကြောင်းသုံး ရေနွေးငွေ့သင်္ဘောနှင့် ၁၈၉၆ ဖေဖော်ဝါရီ ၂၈ ရက်မှ ထွက်ခွာခဲ့ရာ ဧပြီ ၁၁ ရက်၌ အမေရိကန်ကို ရောက်ရှိခဲ့သည်။ ထူးခြားချက်မှာ BTS ၏ HYYH Loop စတင်ချိန်က ဧပြီ ၁၁ ရက်ဖြစ်နေပြီး BTS အဖွဲ့ UN တွင် မိန့်ခွန်းပြောခွင့်ရခဲ့သည်။ (၂၀၁၈၊ ၂၀၂၀၊ ၂၀၂၁) ထဲမှ Permission To Dance ဖျော်ဖြေချိန် သမိုင်းဝင်အဆောက်အအုံ၏ တံခါးပေါက် ခုနစ်ပေါက်နှင့် အဖွဲ့ဝင်ခုနစ်ယောက် နေရာယူခဲ့ခြင်းဖြစ်သည်။

BTS အဖွဲ့ဝင်ခုနစ်ဦး မွေးဇာတိကို ပထဝီမြေပုံတွင် ရေးဆွဲလျှင် No.7 ပုံစံ တစ်ထပ်တည်းတူညီနေသည်။

(SKY)



## ပဲမျိုးစုံနှင့် ပဲပိစပ် ပိုမိုစားသုံးခြင်းဖြင့် သွေးတိုးရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

ပဲမျိုးစုံနှင့် ပဲပိစပ်ဖြင့် ပြုလုပ်ထားသော အစားအစာများကို ပိုမိုစားသုံးပေးခြင်းဖြင့် သွေးတိုးရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ပြီး သင့်တင့်မျှတသော ပမာဏကို နေ့စဉ်စားသုံးပေးခြင်းဖြင့် အကောင်းဆုံးအကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဟုဆိုသည်။

ဘီအမ်ဂျေသိပ္ပံဂျာနယ်တွင် ဖော်ပြထားသော သုတေသနပြုချက်များကို စုစည်းဆန်းစစ်ရာမှ ယင်းအကျိုးကျေးဇူးများအကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သုတေသီများ၏ တွေ့ရှိချက်အရ စားတော်ပဲ၊ ပဲနီလေး၊ ကုလားပဲနှင့် အခြားပဲအမျိုးမျိုး အပါအဝင် ပဲမျိုးစုံကို နေ့စဉ် ၁၇၀ ဂရမ် (၆ အောင်စခန့်)နှင့်အတူ တိုဟူး၊ ပဲနို့၊ ပဲပိစပ်စိမ်း၊ တန်ပေးနှင့် မီဆိုကဲ့သို့သော ပဲပိစပ်အခြေခံအစားအစာများကို နေ့စဉ် ၆၀ ဂရမ်မှ ၈၀ ဂရမ် (၂ ဒသမ ၁ အောင်စမှ ၂ ဒသမ ၈ အောင်စခန့်) အထိ စားသုံးပေးလျှင် ကျန်းမာရေးအတွက် အကောင်းဆုံးအကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

(SCI)



## BTS ဖျော်ဖြေပွဲအတွက် Elpaso အစိုးရက ဂုဏ်ပြုဆုပေးခဲ့

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် Elpaso မြို့တွင် ကျင်းပခဲ့သည့် ဘီတီအက်စ် ဖျော်ဖြေပွဲမှာ မြို့တော်၏ စီးပွားရေးပိုင်း တစ်ဟုန်ထိုးတိုးမြင့်စေခဲ့သဖြင့် အစိုးရက ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုသည် ဘီတီအက်စ်၏ First ever asian act, Kpop act ဖြစ်ခဲ့ပြီး ပထမဆိုသည်မှာ အမေရိကန်တွင် ဘီတီအက်စ် ဖျော်ဖြေပွဲတိုင်း စီးပွားရေးကဏ္ဍတစ်ဟုန်ထိုး ထောင်တက်ခဲ့သောကြောင့် ဖြစ်သည်။

အာရှအနုပညာရှင်များတွင် ကေပေါ့ပ် အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ဘီတီအက်စ် ဖျော်ဖြေပွဲတွင် ပရိသတ်အားပေးမှု တစ်ခဲနက် ရရှိခဲ့သဖြင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဝင်ငွေမြင့်မားစွာ တိုးတက်လာသောကြောင့် Elpaso State Government က ဂုဏ်ပြုဆုပေးအပ်ခဲ့ခြင်းဖြစ်၍ ကေပေါ့ပ် ပရိသတ်များ ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

လက်ရှိတွင် ဘီတီအက်စ် အဖွဲ့သည် ကမ္ဘာလှည့်ဖျော်ဖြေပွဲများ ကျင်းပနေကာ အမေရိကန် မြူးဇစ်ဂီတပွဲနှင့် ၂၀၂၇ ခုနှစ် ဂရမ်မီပွဲအတွက် Arirang Album က ဆန်ခါတင် စာရင်းဝင်နေသည်။

(SKY)

## Xiao Hungyu (ရှောင်းလေး) လူသိရှင်ကြား ဝေဖန်ခံရ

တရုတ်အနုပညာရှင် မင်းသမီး ရှောင်ဟွမ်ယူသည် အပန်းဖြေစခန်း တစ်ခုတွင် နီးကပ်လွန်းသော ဝန်ဆောင်မှုပေးခဲ့၍ တရုတ်အစိုးရပိုင်သတင်းစာ People Daily က လူသိရှင်ကြား ဝေဖန်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၊ ကျန်းရှီးပြည်နယ်ရှိ Gexian Village အပန်းဖြေစခန်း၌ သရုပ်ဆောင်ရှောင်ဟွမ်ယူက ခရီးသွားဧည့်သည်များကို သကြားလုံးကျွေးရာတွင် ပါးစပ်ဖြင့် ခွံ့ကျွေးခဲ့ပြီး ရင်းနှီးလွန်းသော အပြုအမူများ ပြုလုပ်ခဲ့သည်။

အဆိုပါ အပြုအမူများကို တရုတ်အစိုးရပိုင်သတင်းစာ People Daily က နီးကပ်လွန်းသော ဝန်ဆောင်မှုဟု လူသိရှင်ကြားဝေဖန်ထားသဖြင့် ရှောင်ဟွမ်ယူက မေလဆန်းတွင် အများပြည်သူသို့ တရားဝင်တောင်းပန်စာထုတ်ပြန်ခဲ့ပြီး မသင့်တော်သော အပြုအမူများ ထပ်မလုပ်ရန်လည်း ကတိပေးခဲ့သည်။

အပန်းဖြေစခန်းမှလည်း ဧည့်သည်များနှင့် ဆက်ဆံရေးပုံစံများကို ပြန်လည် စိစစ်ပြင်ဆင်၍ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများကို ပိုမိုအလေးထားမည်ဟု ဖော်ပြကာ ရှောင်ဟွမ်ယူက ဧည့်သည်များကို နွေးထွေးသောနည်းလမ်းနှင့် နောက်နောင်ဆက်ဆံသွားပါမည်ဟု တောင်းပန်ထားသည်။

(SKY)



## Lisa က Met Gala ပွဲတွင် အမိမြေ ထိုင်းနိုင်ငံကို ချစ်ကြောင်းပြ

၂၀၂၆ ခုနှစ်၊ မေလတွင် ကျင်းပခဲ့သည့် Met Gala ပွဲတော်သို့ ကေပေါ့ပ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြပြီး ဖက်ရှင်စတိုင်လ်သစ်များ ချပြထားရာ ထိုင်းနိုင်ငံသူ ကေပေါ့ပ် အနုပညာရှင် Lisa ကလည်း အမိမြေ ထိုင်းနိုင်ငံကို ချစ်ကြောင်း ပြသသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Black Pink အဖွဲ့ဝင်လေးဦးနှင့်အတူ ကေပေါ့ပ်အနုပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြပြီး မလျှော့သော ဖက်ရှင်စတိုင်လ်များနှင့် ကုန်အမှတ်တံဆိပ် သံတမန်ကိုယ်စားပြုခဲ့ကြသည်။

Lisa ၏ဝတ်စုံကို ရည်ရွယ်ချက်ကောင်းကောင်းနှင့် အသေးစိတ်ဖန်တီးထားပြီး အမိမြေ ထိုင်းနိုင်ငံကိုချစ်ကြောင်း ပြသခဲ့ရာ ပရိသတ်ကြား ဝေဖန်မှုများ ပေါ်ထွက်လာခဲ့သည်။ 'ဖက်ရှင်သည် အနုပညာဖြစ်သည်' ခေါင်းစဉ်နှင့် ပြသခဲ့သည်။

Jennie, Jisoo နှင့် Rose တို့၏ ဖက်ရှင်စတိုင်လ်များမှာ လူအများကြား ထင်းထွက်နေပြီး ကေပေါ့ပ်အနုပညာရှင်များအတွက် ဂုဏ်ယူဖွယ်ပွဲတော်တစ်ခု ဖြစ်ခဲ့သည်။

(SKY)



## Eugene ၏ တစ်ကျော့ပြန်ဇာတ်ကား ထွက်ရှိလာ

အနုပညာလောကမှ အနားယူနေပြီး တစ်ကျော့ပြန် ဇာတ်ကားသစ်နှင့် အန်ဂျူး ထွက်ပေါ်လာ၍ ပရိသတ်များ အားပေးထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အန်ဂျူးကို Penthouse နှင့် ပရိသတ်အားပေးထားကြရာမှ တစ်ကျော့ပြန်ဇာတ်ကားတွင် မင်းသား ဂျီဟွမ်ဝူး၊ မင်းသမီး လီမင်ယောင်တို့နှင့်အတူ ပြန်လည်ရောက်ရှိလာခဲ့သည်။

အဆိုပါဇာတ်ကားတွင် အမြင့်ဆုံးရောက်မှ ကျေးဇူးကန်းသွားသည့် ခင်ပွန်းဖြစ်သူကို ပညာပေးမည့် အမျိုးသမီးနေရာမှ ပါဝင်ထားပြီး ပရိသတ်သည်းထိတ်ရင်ဖိုကြည့်ရှုခံစားရမည်ဖြစ်သည်။

(SKY)



## Akshay Kumar ၏ ကြီးမြတ်သည့် ကမ်းလှမ်းမှု

ဘောလိဝုဒ် ထိပ်တန်းအနုပညာရှင် အာရှေးကူးမားသည် 'လူတစ်ဦးတန်ဖိုးကို သူပြုမူသည့် အပြုအမူပေါ် မူတည်သည်' ဆိုသောစကားနှင့် သက်သေပြ၍ ကြီးမြတ်သည့် ကမ်းလှမ်းမှုပြုခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဆိုက်ဘ်တွင် ဖော်ပြသည်။



ရိုက်ကွင်းပေါ်က မမျှော်လင့်သော တွေ့ဆုံမှုဟု အမည်ပေးထားသော အဆိုပါ အပြုအမူမှာ အာရှေးကူးမားက ရိုက်ကွင်းသို့ ဇိမ်ခံကားနှင့်လာပြီး သူ့ကားကို ဖုန်သုတ်ဆေးကြောပေးနေသော ကလေးကို သတိထားမိခဲ့သည်။

အာရှေးကူးမားက ကောင်လေးထံသွား၍ ဘာကြောင့်လုပ်ကိုင်နေရကြောင်းမေးကာ စားသောက်ဆိုင်သို့ ခေါ်၍ကျွေးပြီး အနာဂတ်မှောင်မိုက်မနေစေရန် ပညာရေး ကုန်ကျစရိတ် အားလုံး တစ်သက်တာ တာဝန်ယူရန် ဆုံးဖြတ်၍ ကြီးမြတ်သည့် ကမ်းလှမ်းမှု ပြုလုပ်ခဲ့သည်။

အောင်မြင်မှုဆိုသည်မှာ ကိုယ်မည်မျှ မြင့်မားသည့်နေရာ ရောက်နေသလဲဆိုသည်ထက် ကိုယ်က တခြားလူ ဘယ်နှယောက်ကို မြှင့်တင်ပေးနိုင်သလဲဆိုတာပေါ်မှာ ပို၍အဓိပ္ပာယ်ရှိသည်ဟု အာရှေးကူးမားက ပြောသွားသည်။

(SKY)

# နိုင်ငံတကာ အားကစား သတင်းများ

## အဲလက်စ်စကော့ကို ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် မေ ၁၆**

ချဲလ်ဆီးအသင်းသည် ဘုန်းမောက်အသင်း ကွင်းလယ်ကစားသမား အဲလက်စ်စကော့ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းကလည်း အဲလက်စ်စကော့အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းထံမှ အဲလက်စ်စကော့ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဆီမက်စ်ကိုးမန်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် အဲဗာတန်အသင်းမှ ထွက်ခွာမည်

**လန်ဒန် မေ ၁၆**

အဲဗာတန်အသင်း နောက်ခံကစားသမား ဆီမက်စ်ကိုးမန်းသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အသက်အရွယ်ပိုင်း ရရှိနေပြီဖြစ်သော်လည်း ခြေစွမ်းပိုင်း ကျဆင်းခြင်းမရှိသေးသောကြောင့် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။

နောက်ခံကစားသမား ဆီမက်စ်ကိုးမန်းသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၀၉-၂၀၁၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃၃ပွဲကစားကာ ၂၈ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဆီမက်စ်ကိုးမန်းအနေဖြင့် အဲဗာတန်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## 2026 Internazionali BNL d'italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Casper Ruud တက်ရောက်

**တူရင် မေ ၁၆**

အီတလီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Internazionali BNL d'italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ နော်ဝေတင်းနစ်ကစားသမား Casper Ruud တက်ရောက်ခဲ့သည်။

အဆိုပါ နော်ဝေတင်းနစ်ကစားသမား Casper Ruud သည် 2026 Internazionali BNL d'italia တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်အီတလီတင်းနစ်ကစားသမား Luciano Darderi ကို ၆-၁၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2026 Internazionali BNL d'italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် နော်ဝေတင်းနစ်ကစားသမား Casper Ruud နှင့် အိမ်ရှင် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## နျူအာ ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် မေ ၁၆**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းဝါရင့်ဂိုးသမား နျူအာကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၁-၂၀၁၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၉၇ ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သလို ဆုဖလားများစွာ ရရှိအောင်လည်း ပံ့ပိုးကူညီနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နျူအာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။




**(အပေါ်ပုံ) (NGB)**

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၅-၂၀၂၆ ညနေ ၆:၀၀ နာရီ | (၃)မန်ယူ - နော်တင်ဟမ်(၁၆)<br>(L,W,W,W,D) (W,W,W,L,D) | မန်ယူ ၂-၃ နော်တင်ဟမ်<br>နော်တင်ဟမ် ၁-၀ မန်ယူ |
| ၁၇-၅-၂၀၂၆ ည ၈:၃၀ နာရီ | (၈)ဘရန့်ဖို့ဒ် - ပဲလေ့စ်(၁၅)<br>(D,D,L,W,L) (W,L,W,D,L) | ဘရန့်ဖို့ဒ် ၂-၁ ပဲလေ့စ်<br>ပဲလေ့စ် ၁-၂ ဘရန့်ဖို့ဒ် |
| ။ | (၁၀)အဲဗာတန် - ဆန်းဒါးလန်း(၁၂)<br>(D,L,L,D,D) (W,L,L,D,D) | အဲဗာတန် ၂-၀ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၀-၃ အဲဗာတန် |
| ။ | (၁၄)လီဒ်စ် - ဘရိုက်တန်(၇)<br>(W,D,L,W,D) (W,D,W,L,W) | လီဒ်စ် ၂-၂ ဘရိုက်တန်<br>ဘရိုက်တန် ၁-၀ လီဒ်စ် |
| ။ | (၂၀) ဝုဒ် - ဖူလ်ဟမ်(၁၁)<br>(L,L,L,D,L) (L,D,W,L,L) | ဝုဒ် ၁-၂ ဖူလ်ဟမ်<br>ဖူလ်ဟမ် ၁-၄ ဝုဒ် |
| ၁၇-၅-၂၀၂၆ ည ၁၁:၀၀ နာရီ | (၁၃)နယူးကmaterial - ဝက်စ်ဟမ်း(၁၈)<br>(L,L,L,W,D) (W,D,W,L,L) | နယူးကာဆယ် ၀-၂ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၀-၁ နယူးကာဆယ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၈-၅-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | (၁၂)ဘရက်စ် - အန်ဂါးစ်(၁၃)<br>(D,D,L,L,L) (L,D,L,L,D) | ဘရက်စ် ၂-၀ အန်ဂါးစ်<br>အန်ဂါးစ် ၂-၀ ဘရက်စ် |
| ။ | (၃)လိုင်လီ - အော်ဇေး(၁၅)<br>(W,D,W,D,W) (D,D,L,W,W) | လိုင်လီ ၃-၁ အော်ဇေး<br>အော်ဇေး ၀-၀ လိုင်လီ |
| ။ | (၉)လိုရီယန့် - လီဟာဗာ(၁၄)<br>(L,W,L,D,W) (D,D,D,D,L) | လိုရီယန့် ၃-၃ လီဟာဗာ<br>လီဟာဗာ ၃-၀ လိုရီယန့် |
| ။ | (၄)လိုင်ယွန် - လန်းစ်(၂)<br>(W,W,W,W,L) (W,D,D,W,L) | လိုင်ယွန် ၁-၂ လန်းစ်<br>လန်းစ် ၀-၀ လိုင်ယွန် |
| ။ | (၆)မာဆေးလ် - ရင်းနက်စ်(၅)<br>(W,L,D,L,W) (W,W,W,L,W) | မာဆေးလ် ၄-၂ ရင်းနက်စ်<br>ရင်းနက်စ် ၁-၂ မာဆေးလ် |
| ။ | (၁၇)နန့်တက်စ် - တူးလောစ့်(၁၀)<br>(D,L,L,W,L) (L,L,D,W,W) | နန့်တက်စ် ၀-၀ တူးလောစ့်<br>တူးလောစ့် ၀-၀ နန့်တက်စ် |
| ။ | (၁၆)နိစ် - မက်ဇ်(၁၈)<br>(D,W,D,DL) (L,D,D,L,L) | နိစ် ၁-၀ မက်ဇ်<br>မက်ဇ် ၀-၁ နိစ် |
| ။ | (၁၁)ပါရီ - ပီအက်စ်ဂျီ(၁)<br>(W,W,L,W,L) (W,D,D,W,W) | ——— |
| ။ | (၈)စထရာဘော့စ် - မိုနာကို(၇)<br>(L,L,L,D,W) (L,D,D,W,L) | စထရာဘော့စ် ၁-၃ မိုနာကို<br>မိုနာကို ၀-၀ စထရာဘော့စ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၅-၂၀၂၆ ညနေ ၄:၃၀ နာရီ | (၆)ကိုမို - ပါးမား(၁၃)<br>(L,L,W,D,W) (D,W,W,L,L) | ကိုမို ၁-၁ ပါးမား<br>ပါးမား ၀-၁ ကိုမို |
| ။ | (၁၄)ဂျီနိုအာ - အေစီမီလန်(၄)<br>(W,W,L,D,D) (L,W,D,L,L) | ဂျီနိုအာ ၁-၂ အေစီမီလန်<br>အေစီမီလန် ၀-၀ ဂျီနိုအာ |
| ။ | (၃)ဂျူဗင်တပ် - ဖီအိုရင်တီးနား(၁၅)<br>(W,W,D,DW) (W,D,D,L,D) | ဂျူဗင်တပ် ၂-၂ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၃-၀ ဂျူဗင်တပ် |
| ။ | (၂၀)ပီဆာ - နာပိုလီ(၂)<br>(L,L,L,L,L) (D,L,W,D,L) | ——— |
| ။ | (၅)ရိုးမား - လာဇီယို(၉)<br>(W,D,W,W,W) (W,D,W,L,L) | ရိုးမား ၂-၀ လာဇီယို<br>လာဇီယို ၁-၁ ရိုးမား |
| ၁၇-၅-၂၀၂၆ ည ၇:၃၀ နာရီ | (၁)အင်တာမီလန် - ဗီရိုနာ(၁၉)<br>(W,D,W,W,W) (L,L,D,D,L) | အင်တာမီလန် ၁-၀ ဗီရိုနာ<br>ဗီရိုနာ ၀-၅ အင်တာမီလန် |
| ၁၇-၅-၂၀၂၆ ည ၁၀:၃၀ နာရီ | (၇)အတ္တလန်တာ - ဘိုလောဂ်နာ(၈)<br>(D,L,L,D,W) (L,L,L,D,W) | အတ္တလန်တာ ၂-၀ ဘိုလောဂ်နာ<br>ဘိုလောဂ်နာ ၁-၁ အတ္တလန်တာ |
| ၁၈-၅-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | (၁၆)ကက်ဂလီယာရီ - တိုရီနို(၁၂)<br>(W,L,W,D,L) (W,D,D,L,W) | ကက်ဂလီယာရီ ၃-၂ တိုရီနို<br>တိုရီနို ၂-၀ ကက်ဂလီယာရီ |
| ။ | (၁၁)ဆက်ဆူအိုလို - လက်ချီ(၁၇)<br>(L,W,D,W,L) (L,D,D,W,L) | ဆက်ဆူအိုလို ၀-၃ လက်ချီ<br>လက်ချီ ၁-၁ ဆက်ဆူအိုလို |
| ။ | (၁၀)အူဒီးနိစ် - ခရီမိုနီစီ(၁၈)<br>(W,L,D,W,W) (L,D,L,L,W) | အူဒီးနိစ် ၃-၀ ခရီမိုနီစီ<br>ခရီမိုနီစီ ၀-၀ အူဒီးနိစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၅-၂၀၂၆ ည ၁၁:၃၀ နာရီ | (၉)ဘီလ်ဘာအို - ဆဲလ်တာဗီဂို(၆)<br>(W,L,W,L,L) (L,L,W,W,L) | ဘီလ်ဘာအို ၃-၁ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၁-၂ ဘီလ်ဘာအို |
| ။ | (၄)အက်သလက်တီကို - ဂျီရိုနာ(၁၅)<br>(D,W,L,L,W) (L,L,L,D,D) | အက်သလက်တီကို ၃-၀ ဂျီရိုနာ<br>ဂျီရိုနာ ၀-၄ အက်သလက်တီကို |
| ။ | (၁၇)အယ်လ်ချီ - ဂီတာဖေး(၇)<br>(W,W,L,D,L) (W,L,L,D,W) | အယ်လ်ချီ ၀-၁ ဂီတာဖေး<br>ဂီတာဖေး ၁-၁ အယ်လ်ချီ |
| ။ | (၁၉)လီဗန်တေး - မာယော့ကာ(၁၈)<br>(W,D,L,W,W) (D,L,W,D,L) | လီဗန်တေး ၂-၀ မာယော့ကာ<br>မာယော့ကာ ၁-၀ လီဗန်တေး |
| ။ | (၁၃)အိုဆာဆူနာ - အက်စ်ပန်ညို(၁၄)<br>(L,W,L,L,L) (L,D,L,L,W) | အိုဆာဆူနာ ၂-၀ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၀-၀ အိုဆာဆူနာ |
| ။ | (၁၀)ဗယ်လက်ကာနို - ဗီလာရီးရဲလ်(၃)<br>(W,W,W,D,D) (D,W,W,D,L) | ဗယ်လက်ကာနို ၀-၁ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၁-၁ ဗယ်လက်ကာနို |
| ။ | (၂၀)အိုဗီဒို - အလာဗက်စ်(၁၆)<br>(D,L,L,D,L) (L,W,L,D,W) | ——— |
| ။ | (၈)ဆိုစီဒက် - ဗလင်စီယာ(၁၁)<br>(L,D,L,D,D) (D,W,L,W,D) | ဆိုစီဒက် ၃-၀ ဗလင်စီယာ<br>ဗလင်စီယာ ၁-၀ ဆိုစီဒက် |
| ။ | (၁၂)ဆီဗီလာ - ရီးရဲလ်မက်ဒရစ်(၂)<br>(L,L,W,W,W) (W,D,W,L,W) | ဆီဗီလာ ၀-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၄-၂ ဆီဗီလာ |
| ၁၈-၅-၂၀၂၆ နံနက် ၀၁:၄၅ နာရီ | (၁)ဘာစီလိုနာ - ဘက်တစ်(၅)<br>(W,W,W,W,L) (W,D,W,D,W) | ဘာစီလိုနာ ၁-၁ ဘက်တစ်<br>ဘက်တစ် ၂-၂ ဘာစီလိုနာ |



## လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်လှစ်ပွဲ ကျင်းပ

**မိုင်းပျဉ်း မေ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၌ လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို မေ ၁၅ ရက် နံနက် ၇ နာရီက ပိန်းဆန်းရပ်ကွက်၊ သစ္စာလမ်းရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ လွှတ်တော်ကိုယ်စားလှယ်ရုံး ဖွင့်ပွဲသို့တက်ရောက်လာသူများက နိုင်ငံတော်အလံအားအလေးပြု၍ နိုင်ငံတော်သီချင်းကိုသံပြိုင်သီဆိုကြသည်။ထို့နောက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်နှင့် မိုင်းပျဉ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလောင်းတို့က လွှတ်တော်ကိုယ်စားလှယ်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဧည့်ပရိသတ်များအား အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊လားဟူလူမျိုးရေးရာဝန်ကြီး ဦးဝီလ်ဆင်မိုး၊ အာခါလူမျိုးရေးရာဝန်ကြီး ဦးထွန်းအောင်၊ ကျိုင်းတုံပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဟွမ်နွံ၊ မိုင်းပျဉ်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## စာရေးဆရာမ သင်းသင်း(မန္တလာ) တစ်ကိုယ်တော် ကဗျာရွတ်ဆို

**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၁၀နာရီက စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် စာပေအကျိုးကျေးဇူးဗဟုသုတများ တိုးပွားလာစေရန်၊ စာပေချစ်မြတ်နိုးသူများ ဖြစ်လာစေရန် ရည်ရွယ်၍ စာရေးဆရာမသင်းသင်း(မန္တလာ)က တစ်ကိုယ်တော် ကဗျာရွတ်ဆိုပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးလှဦး(ချမ်းမြေ့အေး)၊ မဟာအောင်မြေ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုရှင် ရင်ရင်နု(မန္တလေး)၊ အမျိုးသားစာပေဆုရှင် ဆရာနေမျိုးတို့ကလည်း တစ်ကိုယ်တော်ကဗျာရွတ်ဆိုပွဲတွင် ပါဝင်အားဖြည့် မုဒိတာပွားခဲ့သည်။

ယင်းနောက် စာရေးဆရာမ သင်းသင်း(မန္တလာ)က 'တို့တစ်တွေဖပေ မခွာ အမြန်ပြန်ဆုံချင်ပြီ' ကဗျာကိုလည်းကောင်း၊ 'ချစ်ခြင်းနိယာမ' ကဗျာကိုလည်းကောင်း၊ 'အမုန်းကို စက်ဆုပ်ရွံရှာသူကျွန်မ' ကဗျာကိုလည်းကောင်း၊ 'အပေါင်းနှင့် အနုတ်' ကဗျာကိုလည်းကောင်း၊ 'သမိုင်းရှိတဲ့ မြန်မာ' ကဗျာကိုလည်းကောင်း၊ 'ငါးခုံးမ မဟုတ်ရင် လိုက်ခဲ့' ကဗျာကိုလည်းကောင်း၊ 'ကျွန်မလာမယ့်လမ်း' ကဗျာကိုလည်းကောင်း၊ စုစုပေါင်း ကဗျာ ခုနစ်ပုဒ်အား ရွတ်ဆိုခဲ့ကာ အဓိပ္ပာယ်များကိုလည်း ဖွင့်ဆိုရှင်းလင်း ပြောကြားခဲ့ရာ တက်ရောက်လာသည့် စာရေးဆရာများ၊ စာရေးဆရာမများက ယင်းကဗျာရွတ်ဆိုသည့် အကြောင်းအရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ ကဗျာရွတ်ပွဲသို့ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ စာရေးဆရာမ သင်းသင်း(မန္တလာ)နှင့် မန္တလေး ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ စာရေးဆရာ၊ စာရေးဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်(ပြန်/ဆက်)**

*-*-*-*-*



## ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

**မန္တလေး မေ ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံး အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၄ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါအဆောက်အအုံသစ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ ဖိတ်ကြားထားသူများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အဆောက်အအုံအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဌာနေ ကိုယ်စားလှယ် Mr.Arnaud de Baecque က မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး ဆောက်လုပ်လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး အဆောက်အအုံသစ်ကို လွှဲပြောင်းပေးအပ်ရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အဆောက်အအုံသစ်သည် အလျားပေ ၄၀၊ အနံပေ ၆၀၊ သုံးထပ်ခွဲ အဆောက်အအုံဖြစ်ပြီး အဆောက်အအုံနှင့်မြေကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ လှူဒါန်းခြင်း ဖြစ်ကြောင်းသိရသည်။

**(အောက်ပုံ) (ဝ၄၅)**

## လမ်း၊ တံတားများအား ပြန်လည်ဆောင်ရွက်ထားရှိမှု အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်တွင်းကြီး မေ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ)ဦးဝင်းမိုးထိုက်နှင့် တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့နယ်တွင် သဘာဝဘေးကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများကို ပြန်လည်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်နှင့် မြို့နယ်ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့်အတူ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်က သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့်တောင်တွင်း-မကွေးကားလမ်းမှ အင်ကုန်းလမ်းပေါ်ရှိ ကွန်ကရစ်တံတားနေရာအား ယာယီတံတားဆောက်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ မေ ၁၂ ရက်တွင် မိုးရွာသွန်းမှုကြောင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသည့် တည်တောကျေးရွာအုပ်စု၊ အောင်မြင်ကုန်းကျေးရွာအနီးရှိ ရန်ပယ်ချောင်းကူးတံတား ရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်း အနည်းငယ် ပျက်စီးမှုအားလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

*-*-*-*-*

## မန္တလေးတွင် ပန်းချီဆရာ မျိုးလွင်၏ 'ဝိဇ္ဇာပရမတ်' တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပ

**မန္တလေး မေ ၁၆**

မန္တလေးမြို့၏ အနုပညာအချက်အချာကျရာ နမ္မတီးပြခန်းတွင် ပန်းချီဆရာမျိုးလွင်၏ 'ဝိဇ္ဇာပရမတ်'အမည်ရှိ တစ်ကိုယ်တော်ပန်းချီပြပွဲကို မေ ၁၅ ရက်မှ စတင်၍ ခင်းကျင်းပြသလျက်ရှိပြီး လက်ရာပေါင်းစုံ ပါဝင်သည့် ပန်းချီကားချပ် စုစုပေါင်း ၆၃ ကားတိတိကို အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် တင်ဆက်ထားသည်။

ယခုပြပွဲ၏ ထူးခြားချက်မှာ ရှေးဟောင်းအနုပညာနှင့် မော်ဒန်ပုံစံတို့ကို ပေါင်းစပ်ဖန်တီးထားခြင်းဖြစ်ကြောင်း၊ ရှေးမူမပျက်သည့် အနုစိတ်လက်ရာများနှင့် ခေတ်သစ်ပန်းချီအယူအဆများကို တစ်သားတည်းကျအောင် ပေါင်းစပ်ရေးဆွဲထားသဖြင့် ကြည့်ရှုသူများအတွက် တစ်မူထူးခြားသည့် အနုပညာရသသစ်ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ထို့အပြင် မြတ်ဗုဒ္ဓ၏ ဇာတ်နိပါတ်တော်များကို အခြေခံ၍ ရေးဆွဲထားသည့် ပန်းချီကားများကိုလည်း အလေးပေးပြသထားသည်။ လောကုတ္တရာအမြင်နှင့် လောကီအနုပညာကို ပေါင်းစပ်ပုံဖော်ထားသည်။

ယခုကဲ့သို့ ဖန်တီးပြသရခြင်းမှာ အဖိုးတန်လှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာအနှစ်သာရများ နောင်လာနောက်သားများလက်ထက်တွင် မေ့မှိန်ပျောက်ပျက်မသွားစေရန် ထိန်းသိမ်းစောင့်ရှောက်လိုသည့် ရည်ရွယ်ချက်ဖြင့် ရေးဆွဲတင်ဆက်ခြင်းဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲကို မန္တလေး၊ ၇၉ လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ နမ္မတီးပြခန်းတွင် မေ ၁၅ ရက်မှ ၁၇ ရက်အထိ ၃ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်-စ)**

## ကျောင်းဖွင့်ရာသီအမီ မန္တလေးသို့ ပြည်ပမှ ကျောပိုးအိတ်များ ဝင်ရောက်၍ အရောင်းအဝယ်သွက်လျက်ရှိ

**မန္တလေး မေ ၁၆**

ပညာသင်နှစ်တစ်နှစ်၏ နှစ်သစ် ကျောင်းဖွင့်ရာသီအမီ ပြည်ပနိုင်ငံများက ကျောင်းသုံး ကျောပိုးအိတ်များ မန္တလေးဈေး ကွက်အတွင်းသို့ ပြန်လည်ဝင် ရောက်လာ၍ ပြည်သူများ ဝယ် ယူမှုကြောင့် အရောင်းအဝယ် ဖြစ်နေကြောင်း မန္တလေးမြို့ခံ ကုန်သည်များနှင့် ဈေးသည်များ ထံမှ သိရသည်။

ယခုနှစ်တွင် ကုန်သွယ်ရေး လမ်းကြောင်း အခြေအနေများနှင့် ကုန်ပစ္စည်းတင်သွင်းမှုဆိုင်ရာ ကန့် သတ်ချက်အချို့ကြောင့် အဆိုပါ ကျောင်းသုံးကျောပိုးအိတ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက် ရန် ပုံမှန်ထက်အနည်းငယ် နှောင့် နှေးကြန့်ကြာခဲ့ရခြင်းဖြစ်သည်။

"ပုံမှန်နှစ်တွေဆိုရင် သင်္ကြန် ကာလအပြီးနဲ့တင် ကျောင်းသုံး အိတ်တွေက ဈေးကွက်ထဲ အလုံး အရင်းနဲ့ ဝင်နေကျဖြစ်ပါတယ်။ အခုနှစ်မှာတော့ သယ်ယူပို့ဆောင် ရေး အခြေအနေတွေကြောင့် နည်းနည်းနောက်ကျပြီး ကျောင်း မဖွင့်ခင် အချိန်မီရုံပဲ ရောက်လာ တာဖြစ်ပါတယ်။ ဈေးနှုန်းက တော့ သယ်ယူစရိတ်တွေကြောင့် အရင်နှစ်ကထက် မြင့်တက်သွား တာပါ"ဟု မန္တလေးမြို့ရှိ စတိုး ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။



လက်ရှိ ဈေးကွက်အတွင်း၌ အရည်အသွေးနှင့် ဒီဇိုင်းအလိုက် ကျောင်းသုံးကျောပိုးအိတ်တစ်လုံး လျှင် ငွေကျပ် ၃၀၀၀၀မှ ၁၀၀၀၀၀ ကျော်အထိ ပေါက်ဈေးရှိနေပြီး ဈေးနှုန်းအသင့်အတင့်ရှိသည့် တန်ဖိုးနည်းကျောပိုးအိတ်များမှာ ပိုမိုအရောင်းအဝယ် သွက်လျက် ရှိရာ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ကြိုက်ရွေးချယ် ဝယ်ယူလျက် ရှိသည်။

အဆိုပါ ကျောင်းသုံးကျောပိုး အိတ်များကို မန္တလေးမြို့ပေါ်ရှိ ကုန်တိုက်ကြီးများနှင့် စတိုးဆိုင် များတွင်သာမက ဈေးချိုတော်နှင့် ပွဲရုံတန်းများ၌ပါ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချပေး နေပြီး နယ်မြို့အသီးသီးမှလည်း လာရောက်မှာယူမှုများပြားသဖြင့် ရောင်းအားမှာ သိသိသာသာ တက် လာကြောင်း၊ ဈေးနှုန်းများ မြင့် တက်နေသော်လည်း ကျောင်းဖွင့် ရန် ရက်ပိုင်းသာလိုတော့သည့် အတွက် မိဘများအနေဖြင့် မဖြစ် မနေ ဝယ်ယူပေးနေကြရသဖြင့် အိတ်ဒီဇိုင်းအဆန်းများနှင့် ကာ တွန်းရုပ်ပုံပါအိတ်များမှာ ကလေး ငယ်များအကြိုက် ပိုမိုအရောင်း သွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-ရ)**



## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၄၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး မေ ၁၆**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊မဟာမြိုင်(၁)ရပ်ကွက်နေ ပြည်သူများ၏ (၄၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၄ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈ လမ်းထောင့်တွင် ကျင်းပ သည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက် တော်မူလာကြသော သံဃာတော် နှင့် သာမဏေအပါး ၃၅၀ ကျော် တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ငါးပိချက်၊သရက်ချဉ်သုပ်၊ဆပ်ပြာ မှုန့်၊ သံဃာတော်နှင့် သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ၁၂ စုံနှင့် နဝကမ္မဝတ္ထု ငွေကျပ် ၁၂၀၀၀၀ ကို စာရေး တံမဲဖောက်၍ ဘုံဆွမ်းလောင်း အသင်းတည်ထောင်သူ ဦးနေမင်း ဦး+ဒေါ်ယုယုဇော် (ပီတိသုခ) မိသားစု၊ လစဉ် လဆန်း ၁ရက် နေ့တိုင်း ဝက်သားအလှူရှင် ဦးမျိုး ဝင်း+ဒေါ်အိအိချော(ကောင်းထက် မဟာ)မိသားစုများ၊ကာဗာတိုင်း ပြည်မိသားစုများ၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး၊ မိခင်ကြီး ဒေါ်တင်ရီတို့အားရည်စူး၍ ဦးသိန်း တန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ ဖခင်ကြီး ဦးချိန်စီ + မိခင်ကြီး ဒေါ်တွမ်ဟိုက်လန့်တို့အား အမျှ ထား၍ (သား)မောင်ကျော်သက် ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါ ထိုင်+ ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့်ညီ အစ်ကိုမောင်နှမတစ်စု၊ဦးဇော်ထွန်း + ဒေါ်နန်းရတနာမိုး(ပန်တော်ဦး အမျိုးသမီးအဆောင်)မိသားစု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ၊ (သမီး)မဝင်းမာလာကျော်(တိမ်လွှာ အလှပြင်ဆိုင်)၊ ဒေါ်မေသဇင်ဦး မိသားစု၊ ဦးအောင်ဖြိုးမင်း+ ဒေါ်အေးအေးစန်း Unit Solar မိသားစု၊ ဦးအားချွန်+ ဒေါ်ကျန်း ထုံး၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်း အသင်းသူ၊အသင်း သားများက လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(ဝ၄ဝ)**

## (VDP) စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ပျော်ဘွယ် မေ ၁၆**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေး တိုင်းဒေသကြီး၊ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေး နှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက် မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး (VDP) စီမံကိန်း ရန်ပုံငွေလွှဲ ပြောင်းပေးအပ်ပွဲကို မေ ၁၅ရက် နံနက်ပိုင်းက ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်း မြတ်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အညီဆောင်ရွက်စေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ အောင် မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင် ရွက်ကြစေလိုကြောင်းနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေး အပ်ရခြင်း၏ ရည်ရွယ်ချက်များ ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင် ရွက်မည့် ဖက်တောကျေးရွာမှ ကော်မတီဝင်များကို (VDP)စီမံ ကိန်းရန်ပုံငွေကျပ် ၁၅သန်းလွှဲ ပြောင်းပေးအပ်ခဲ့ကြောင်း သိရ သည်။

**အောင်ရဲကျော်**

## ရက်(၁၀၀)စီမံချက်ဖြင့် အိမ်သုံးမီတာများ တပ်ဆင်ပေး

**ညောင်ဦး မေ ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း၏ ညွှန်ကြားမှု များနှင့်အတူ ညောင်ဦးမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ သို့ မီးသုံးလိုသူ ပြည်သူလူထုမှ လျှောက်ထားလာသည့် သတ်မှတ် ချက်နှင့် ပြည့်စုံသော အိမ်သုံး မီတာနှင့် ပါဝါမီတာများကို ဌာန ၏ စည်းမျဉ်းစည်းကမ်း ချက် များနှင့်အညီ ရက်(၁၀၀)စီမံချက် ဖြင့် အိမ်သုံးလျှပ်စစ်မီတာများတပ် ဆင်ပေးရှိလျက်သော ရပ်ကွက်၊ ကျေးရွာများသို့ ယနေ့ နံနက် ၈ နာရီခွဲက ညောင်ဦးမြို့နယ်လျှပ်စစ် မန်နေဂျာနှင့်အဖွဲ့က ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထို့သို့ အိမ်သုံးမီတာနှင့် ပါဝါမီတာ တပ်ဆင်ပေးလျက် ရှိသည့် အမှတ်(၆)၊ အောင်မြေ သာရပ်ကွက်နှင့် ဖျောက်ဆိပ်ပင် ကျေးရွာတို့တွင် တပ်ဆင်ထားရှိ သော အိမ်သုံးမီတာနှင့် ပါဝါမီတာ များဌာန၏ စည်းမျဉ်းစည်းကမ်း ချက်များနှင့်အညီ မီးသုံးစွဲမှုကိုက် ညီမှု ရှိ၊ မရှိ၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန် စနစ်တကျတပ် ဆင်ထားမှု ရှိ၊ မရှိတို့အား ညောင်ဦးမြို့နယ်လျှပ်စစ်မန်နေဂျာ နှင့်အဖွဲ့က လိုက်လံစစ်ဆေးခဲ့ ကြောင်း သိသည်။

(အောက်ပုံ)

**(၄၈၁)**

*-*-*-*-*



## မိုင်းယောင်းမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုင်းယောင်း မေ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့ အထက(စက်၊စိုက်၊မွေး)ကျောင်း ၌ ယနေ့ နံနက်ပိုင်းက တပ်မတော် သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာများ၊ ဆရာ၊ ဆရာမများ က စုပေါင်းသန့်ရှင်းရေးဆောင် ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုး သက်ဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နန်းစီဖေါင်း(ပြန်/ဆက်)**



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## မန်ကျည်းစေ့

မန်ကျည်းစေ့ကို သန်ချဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။ ခဏခဏ ဖင်နဲ့ စအို ယားယံနေတတ်သူတွေ၊ အူထဲမှာ သန်ကောင်(အလုံးလိုက် သန်ကောင် သို့မဟုတ် အမျှင်လိုက်သန်ကောင်) တွေ ပုန်းအောင်းနေလို့ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မန်ကျည်းစေ့ကနေရတဲ့ ရိုးရာနည်းလမ်းကို ဖော်ပြပေးလိုက်ပါတယ်။

မန်ကျည်းစေ့ကို မွှေးလာတဲ့အထိ လှော်ပြီး အခွံမာကို ဖယ်လိုက်ပါ။

အဖြူရောင်အသားကို အသုံးပြုရမှာဖြစ်ပြီး အစေ့ ၂၀ မှ ၂၅ စေ့ခန့် ယူပါ။

ထို့နောက် ရေနဲ့ပြုတ်ပါ။ ဆားအနည်းငယ် ထည့်ပြီး တစ်ခါတည်း အကုန်လုံးသောက်လိုက်ပါ။

နောက်တစ်နည်း အဖြူရောင်အစေ့တွေကို ဆားရည်ထဲမှာ နူးညံ့လာသည်အထိ စိမ်ထားပါ။ နူးညံ့လာတဲ့အခါမှာ မြေပဲစားသလို ဝါးစားလို့ရပါတယ်။

အထက်ပါနည်းအတိုင်း တစ်နေ့လျှင် တစ်ကြိမ် သုံးရက်ဆက်တိုက် သောက်ပေး၊ စားပေးရင် သန်ကောင်တွေကို အကုန်အစင် ဖယ်ရှားပေးနိုင်ပါတယ်။



## သြဇာသီးခြောက်

သဘာဝအတိုင်း အပင်ပေါ်မှာ ခြောက်သွားတဲ့ သြဇာသီးခြောက်ကိုတွေ့ရင် ခူးပြီးသိမ်းထားပါ။ အဲ့ဒီသြဇာသီးခြောက်က အင်မတန်မှ ဆေးဖက်ဝင် အစွမ်းထက်လှပါတယ်။

ခန္ဓာကိုယ်မှာ အဆီကျိတ်ဖြစ်နေရင် သြဇာသီးခြောက်ကို နေ့စဉ်ရေနဲ့ သွေးလိမ်းပေးပါ။ မာနေတဲ့ အဆီကျိတ်ဟာ တစ်နေ့တခြား ပျော့လာပါလိမ့်မယ်။ (သြဇာသီးခြောက်ကို သွေးလိမ်းနေစဉ်အတွင်းမှာ အဆီတိုးစေတဲ့ အစာတွေကို ရှောင်ပေးဖို့လိုအပ်ပါမယ်။)

နေ့စဉ်မပျက် လိမ်းပေးရင် အဆီကျိတ်ဟာ သေးပြီး ပျောက်သွားပါလိမ့်မယ်။ ဘယ်နှရက် လိမ်းရမယ်ဆိုတာတော့ အတိအကျပြောဖို့ ခက်ပါတယ်။ အဆီကျိတ်အကြီး၊ အသေးပေါ်မှာ ကွာနိုင်ပါတယ်။

ပါးချိတ်ရောင်ရောဂါအတွက်လည်း သွေးလိမ်းရင် ပျောက်ကင်းပါတယ်။

အမျိုးသမီးများ မီးယပ်လွန်၊ မီးယပ်ငုပ်ဖြစ်နေရင် သြဇာသီးပင်မှ ကြွေမကျဘဲ အပင်ပေါ်တွင် ခြောက်နေသော သြဇာသီးခြောက်ကို ဆန်ဆေးရည်နဲ့ သွေးပြီး ရေနွေးကြမ်းပန်းကန်လုံးတစ်ခွက် စာသောက်ပေးရင် ပျောက်ကင်းပါတယ်။



## နလင်ကျော်

နလင်ကျော်ဟာ ဆေးဖက်ဝင်ပေမယ့် ဘယ်လိုသုံးရမလဲဆိုတာ သိတဲ့သူက နည်းပါတယ်။

ကိုယ်လက်ကိုက်ခဲတဲ့အခါ ရေနဲ့သွေးလိမ်းရင် ပျောက်ကင်းပါတယ်။ နေရာကွက်ပြီး ယားယံခြင်းဖြစ်ရင် နလင်ကျော်ကို ဆားနဲ့သွေးပြီး လိမ်းပေးရပါတယ်။ လိမ်းပြီးတဲ့အခါမှာ အဝတ်ပါးပါးနဲ့ လွှမ်းခြုံပေးရပါတယ်။ ဒါမှသာ ဆေးအာနိသင် ပိုမိုကောင်းစေမှာဖြစ်ပါတယ်။ အနာဟောင်း၊ အနာဆွေးတွေကို ရေစင်အောင်ဆေးကြောပြီး နလင်ကျော်မြစ်ကို သွေးလိမ်းပေးရင် ပျောက်ကင်းပါတယ်။ အနာအညှော်မိလို့ ရောင်ကိုင်းနေရင်လည်း နလင်ကျော်မြစ်ကို ရေနဲ့သွေးပြီး မကြာခဏလိမ်းပေးပြီး ခပ်ကျဲကျဲ သွေးသောက်ပေးရင် ရောင်ကိုင်းနေတာလည်းပျောက်ပြီး အနာလည်း ပျောက်ကင်းပါတယ်။

ဖျားနာခြင်း၊ ကင်းကိုက်ခြင်း၊ ပင့်ကူရှပ်ခြင်းတို့အတွက် နလင်ကျော်မြစ်ကို သွေးလိမ်းပေးရင် ပျောက်ကင်းပါတယ်။


ဝမ်းချုပ်နေရင် နလင်ကျော်မြစ်ကို ဆားနဲ့သွေးပြီး သောက်ပေးရင် ပျောက်ကင်းပါတယ်။

ဆုံဆို့နာ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ပင်လယ်အူနာရောဂါတွေအတွက် နလင်ကျော်မြစ်ကို ရေနဲ့ သွေးသောက်ရင် ပျောက်ကင်းပါတယ်။

ညောင်းကျရောဂါ၊ ဝမ်းတွင်းပုပ်၊ ဆီးပုပ်၊ နှလုံးမငြိမ်၊ နှုတ်ခမ်းခြောက်၊ အာခေါင်ခြောက်ရောဂါတွေဖြစ်ရင် နလင်ကျော်မြစ်ကို ဆန်ဆေးရည်နဲ့သွေးသောက်ရင် ပျောက်ကင်းပါတယ်။

**သတိပြုရန်**

နလင်ကျော်ကို သောက်ပြီးရင် ထန်းလျက်မစားပါနဲ့။ စားမိရင် အသက်သေဆုံးတတ်ပါတယ်။



## ငှက်ပျောသီးအစိမ်း

ငှက်ပျောသီးအစိမ်းဟာ အစာအိမ်ကြောင့် ဗိုက်အမြဲအောင့်နေတတ်တဲ့သူတွေအတွက် အထူးအကျိုးပြုပါတယ်။

အက်စစ်ကို လျှော့ချပေးပြီး အစာအိမ်နာ၊ အက်စစ်ပြန်တက်ရောဂါတွေကို ပျောက်ကင်းစေပြီး အစာအိမ်နံရံကို ကာကွယ်ပေးပါတယ်။

ဝမ်းပျက်၊ ဝမ်းလျှောတာကို သက်သာပျောက်ကင်းစေပါတယ်။

အမျှင်ဓာတ်များခြင်းကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။

သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသောကြောင့် ဆီးချိုသမားများအတွက် သင့်တော်ပါတယ်။

**အသုံးပြုနည်း**

ငှက်ပျောသီးစိမ်းကို ပါးပါးလှီးပြီး နေလှန်း၍ အခြောက်ခံပါ။

ခြောက်သွားတဲ့အခါ အမှုန့်ဖြစ်အောင် ပြုလုပ်ပြီး ပုလင်းထဲထည့်သိမ်းထားပါ။

အသုံးပြုလိုပါက လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို ရေနွေးနွေးနဲ့ဖျော်ပြီး နံနက်စာနဲ့ ညစာမစားမီ သောက်ပေးပါ။ သို့မဟုတ် ငှက်ပျောသီးစိမ်း သုံးလုံးကို ရေတစ်လီတာနဲ့ပြုတ်ပြီး တစ်နေ့လျှင် နှစ်ကြိမ် နွေးနွေးလေးသောက်ပေးပါက အက်စစ်ပြန်တက်ခြင်း၊ နာတာရှည်အစာအိမ်ဖြစ်ခြင်းတို့ကို သက်သာပျောက်ကင်းစေပါတယ်။



## ဆီတို့ဟူး

ဆီတို့ဟူးမှာ ကျန်းမာရေးအတွက် များစွာ အကျိုးကျေးဇူးတွေ ရှိပါတယ်။

ဆီတို့ဟူးက ကယ်လိုရီပမာဏနည်းပြီး ပရိုတင်းဓာတ်အပြည့်ရှိလို့ ကိုလက်စထရောကို လျှော့ချပေးပါတယ်။

သတ္တုဓာတ်လည်းများလို့ ကယ်လ်စီယမ်ဓာတ်၊ သံဓာတ်နဲ့ မဂ္ဂနီစီယမ်ဓာတ်တွေ ပါဝင်တဲ့ အစားအစာဖြစ်ပါတယ်။

အချဉ်ဖောက်တဲ့အခါမှာလည်း ကောင်းတဲ့ ဘက်တီးရီးယားတွေ ပေါက်ဖွားလာလို့ ဆီတို့ဟူး စားသုံးပေးခြင်းဖြင့် အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။

အင်ဆူလင်ကိုလည်း ပိုထွက်စေလို့ အင်ဆူလင်ခံနိုင်အားကို ကောင်းစေပါတယ်။

ဆီးချိုဖြစ်နိုင်တဲ့ ဒြပ်ပေါင်းတွေကို လျှော့ချပေးလို့ ဆီးချိုသမားများအတွက် အထူးသင့်တော်ပါတယ်။



## တောင်မရိုးပင်

တောင်မရိုးပင်ရဲ့ အမြစ်နဲ့ အခေါက်တို့ကို ဆေးဝါးအဖြစ် အသုံးပြုကြပါတယ်။

တောင်မရိုးပင်ကို ဆီးနဲ့ကျောက်ကပ်ရောဂါများအတွက် အသုံးပြုကြပါတယ်။

တောင်မရိုးမြစ်ကို ရေနဲ့သွေးသောက်ခြင်း သို့မဟုတ် ပြုတ်သောက်ခြင်းဖြင့် ဆီးချိုရောဂါကို သက်သာစေပါတယ်။

ဆီးလမ်းကြောင်းကို သန့်စင်စေပြီး ကျောက်ကပ်အတွင်း ကျောက်တည်ခြင်းကို ဖယ်ရှားပေးပါတယ်။

ဆီးအောင့်ခြင်း၊ ဆီးသွားရခက်ခဲခြင်းနဲ့ ဆီးပူခြင်းတို့ကို သက်သာစေပါတယ်။

အခေါက်ကို သွေးပြီးလိမ်းပေးခြင်း သို့မဟုတ် အမြစ်ကို ဆေးဖော်စပ်သောက်သုံးခြင်းဖြင့် အကြောတက်၊ ခါးနာနဲ့ အဆစ်အမြစ်ကိုက်ခဲခြင်းတွေကို သက်သာစေပါတယ်။

ဝမ်းကိုက်ရောဂါ၊ ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ပါက အမြစ်ကိုပြုတ်ပြီး သောက်ပေးရင် ပျောက်ကင်းပါတယ်။

ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို ပြေစေပြီး သွေးသားကို သန့်စင်စေပါတယ်။

အနာပေါက်၊ အနာစိမ်းနဲ့ အရေပြားပေါ်ရှိ အဖုအပိမ့်များကို အမြစ်ကိုသွေးပြီး လိမ်းပေးရုံနဲ့ သက်သာပျောက်ကင်းစေပါတယ်။

အချို့သော တိုင်းရင်းဆေးနည်းများတွင် နှလုံးတုန်ခြင်းနဲ့ ရင်တုန်ခြင်းများအတွက် တောင်မရိုးပင်ကို အသုံးပြုကြပါတယ်။

**သတိပြုရန်**

ကိုယ်ဝန်ဆောင်မိခင်များနဲ့ နာတာရှည်ရောဂါခံစားနေရသူများအနေဖြင့် ဆေးပမာဏကို ဂရုစိုက်သင့်ပါတယ်။



## ဂုံညင်းသီး

ဂုံညင်းစေ့ကို ရေနဲ့သွေးပြီး လိမ်းပေးရင် အဆစ်အမြစ်ကိုက်ခဲတာ၊ အကြောတက်တာတွေကို သက်သာစေပါတယ်။

အစေ့ထဲက အဆီနဲ့အသားကို အရေပြား ယားယံတာ၊ အနာပေါက်တာတွေအတွက် ဆေးဖော်စပ်ရာမှာ သုံးပါတယ်။

ဂုံညင်းခေါက်နဲ့ အသီးကို ထုထောင်းပြီး ရေစိမ်လိုက်ရင် အမြှုပ်လေးတွေ ထွက်လာတတ်ပါတယ်။ ရှေးက ခေါင်းလျှော်ရည်အဖြစ် သုံးခဲ့ကြပြီး ဗောက်ပျောက်တယ်လို့ အဆိုရှိပါတယ်။

ဂုံညင်းစေ့ထဲက အသားကိုစားရင်၊ အခိုးအငွေ့ကို ရှူရှိုက်ရင် ထူးခြားတဲ့ အိပ်မက်တွေ မြင်မက်စေပြီး ဝိညာဉ်လောကနဲ့ ဆက်သွယ်နိုင်တယ်လို့ အယူအဆရှိကြပါတယ်။

အချို့ဒေသတွေမှာ ဂုံညင်းစေ့ကို အခွံမာတွေခွာပြီး အထဲက အသားကို ရေအထပ်ထပ်စိမ်ပြီးမှ (အဆိပ်ဓာတ်ကုန်အောင်လုပ်ပြီးမှ)ဟင်းအဖြစ်ချက်စားလေ့ရှိကြပါတယ်

ဂုံညင်းသီးအသားကို ထုထောင်းပြီး ရေစိမ်လိုက်ရင် ထွက်လာတဲ့ အမြှုပ်လေးတွေက ဆပ်ပြာလို သန့်စင်ပေးနိုင်ပါတယ်။ အဲ့ဒါနဲ့ ခေါင်းလျှော်ရင် ဆံပင်ကို နက်မှောင်စေပြီး ဗောက်ပျောက်စေတယ်။ ဦးရေပြားယားယံတာတွေကို သက်သာစေပါတယ်။

ဂုံညင်းစေ့ကို ကျောက်ပြင်မှာ ရေနဲ့သွေးပြီး အဆစ်အမြစ်ကိုက်ခဲတဲ့နေရာ၊ အကြောတက်တက်တဲ့နေရာတွေကို လိမ်းပေးရင် သက်သာစေပါတယ်။

အနာစိမ်းတွေပေါက်ရင်လည်း ရေနဲ့သွေးပြီး အနာပေါ်ကို အုံပေးရင် အနာအကျက်မြန်စေပြီး ပျောက်ကင်းစေပါတယ်။

ဂုံညင်းစေ့ထဲမှာ Saponinsနဲ့ အခြားအဆိပ်ဓာတ်အနည်းငယ်ပါဝင်သောကြောင့် အစိမ်းစားရင် ဗိုက်အောင့်တာ၊ အော့အန်တာနဲ့ မူးဝေတာမျိုး ဖြစ်နိုင်ပါတယ်။

**“အာရောဂျံ ပရမံ လာဘံ”**

**ကိုးကား** – **Tik Tok**

## အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး



**စစ်ကိုင်း မေ ၁၆**

စစ်ကိုင်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ထမ်းပြည်သူများကို အခွန်ကိစ္စရပ်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲပိုင်အောင်က အဖွင့်အမှာစကားပြောကြားပြီး အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုမာက အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အခွန်ထမ်း ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရုပ်ပုံဆက်ပြိုင်ပွဲ ကျင်းပ

**မိုင်းစံ မေ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် ကျောင်းသား လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောင်းပိတ်ရက် အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ရုပ်ပုံဆက်ပြိုင်ပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိဇာချိုက ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ရုပ်ပုံဆက်ပြိုင်ပွဲကို ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆုများ အသီးသီးပေးအပ်ခဲ့သည်။

မိုင်းစံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးသင်တန်းများ စာဖတ်ဝိုင်းများ၊ ပြပွဲပြိုင်ပွဲများ၊ လူငယ်ရေးရာဟောပြောပွဲများကို အစဉ်သဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## စာရေးဆရာအသင်း နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**မန္တလေး မေ ၁၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မေ ၁၄ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်း၏ ၂၀၂၁-၂၀၂၆ ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲသို့ မြို့နယ်စာရေးဆရာ အသင်းဝင် ၁၈ ဦး ရှိသည့်အနက် ၁၄ ဦး တက်ရောက်သည့်အတွက် အထမြောက်ကြောင်း ကြေညာပြီး မြို့နယ်စာရေးဆရာအသင်းနာယက ဆရာဆွေနှယ့်ဦး(ဦးမြင့်ဆွေ)က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမင်းဇော်လူ (ဦးမောင်မောင်)က အဖွင့်အမှာစကားပြောကြားပြီး ဖိတ်ကြားထားသော စာရေးဆရာအသင်းဝင်များက အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ ရွေးကောက်ပွဲကော်မတီဥက္ကဋ္ဌ၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ရွေးကောက်တင်မြှောက်ခြင်း စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမင်းဇော်လူ၊ အတွင်းရေးမှူး ဆရာလွတ်လပ်ငြိမ်း၊ ဘဏ္ဍာရေးမှူး ဆရာလွင်သူ၊ အလုပ်အမှုဆောင်(၁) ဆရာသုတေသီဝင်းမော်၊ အလုပ်အမှုဆောင်(၂) ဆရာမ ဇင်နှင်းတို့အား ရွေးချယ်တင်မြှောက်ကြသည်။

အခမ်းအနားသို့ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်ကြည်ကြည်နွဲ့နှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၇ဝ)**





## စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

**မန္တလေး မေ ၁၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ယမန်နေ့ နံနက် ၁၀ နာရီခွဲက ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊စာစောင်များ အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ယင်းရွေ့လျား စာကြည့်တိုက်ယာဉ်တွင် သုတ၊ရသစာအုပ်ပေါင်း ၂၀၀၀ ကျော်ရှိပြီး နှစ်ပတ်လျှင်တစ်ကြိမ် အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။ ထိုစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(ယာပုံ)**

**ဇင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မိုးလချိန်မှန် ခါဝသန်

* ခါဝသန် မိုးဦးကျ
အုံ့မှိုင်းလှ တိမ်မည်းညို
ရွာဟန်ဆင် မိုးသံခြိမ်း
ဂျိမ်းဂျိမ်းသံဆို ...
လျှပ်ပန်းနွယ် လင်းလက်ကြို
ကောင်းကင်ပြို ရွာတော့မည်ပ
လေပြင်းတွေ ပတ်လည်တိုက်
ခိုက်ခိုက်တုန်လှ ... ။

* ငှက်မောင်နံတို့ အပြေးအလွှား
သိုက်အုံသွား မိုးရိပ်ခို
ဇလပ် ဇီဇဝါ ဖူးငုံပွင့်
လန်းစွင့် မိုးကြို ...
ဖား ပုရစ်တို့ တေးမြည်ဆို
ယိမ်းနွဲ့ခို သစ်ပင်အပေါင်း
မိုးဒေဝါ လျှပ်သံကြား
ပျော်ပါးနေကြောင်း ... ။

* မိုးရာသီ တောအလှ
စိမ်းစိုမြ သာမောဖွယ်
နွားကြန်စုံ လယ်ထွန်ခင်း
မြင်ကွင်းလှကြွယ်  ...
မြစ်၊ ချောင်း၊ အင်း၊ အိုင် ရေပြည့်ကွယ်
ပျော်ရွှင်ဖွယ် စိတ်ကြည်နူးအေး
ဝသန်ခါ တို့တောရွာအလှ
ပြသချင်သေး ... ။ ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့်မော်တော်ယာဉ်ဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်၍ တာယာဆိုဒ်စုံ(၁၀)မျိုး (၂၅၂)လုံးနှင့် ဘက်ထရီဆိုဒ်စုံ (၆)မျိုး (၁၇၉)လုံးအတွက် လျှောက်လွှာ(၁)စုံလျှင် ငွေကျပ် ၁၀၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ ယာဉ်၊ စက်၊ ယန္တရား အပိုပစ္စည်း (၁၂)မျိုးအတွက် (၁)မျိုးလျှင် ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် (၂၅-၅-၂၀၂၆ မှ ၂၉-၅-၂၀၂၆)ရက်အထိ ၆၂လမ်း၊ (၁၀၆လမ်းနှင့် ၁၀၇လမ်းကြား) စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား (၁၈-၆-၂၀၂၆)ရက်၊ နံနက် (၀၉:၀၀)နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၁)၌ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (ဖုန်း ၀၉-၄၀၄၇၂၀၄၀၀၊ ၀၉-၄၀၂၅၂၆၂၆၀)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ** - **(၁၃-၅-၂၀၂၆) မှ (၂၆-၅-၂၀၂၆)အထိ**
**(ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန်** - **(၂၆-၅-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ**
**(ဂ) တင်ဒါဖွင့်မည့်ရက်** - **(၂၈-၅-၂၀၂၆)ရက်၊ (ခန့်မှန်း)**
**(ဃ) တင်ဒါဖွင့်မည့်နေရာ** - **အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**(င) တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း**

Lot(1) - အောင်မြေသာစံမြို့နယ်၊ ရွှေကျင်တိုးဂိတ်ပြင်ဆင်ခြင်းElectronic Toll Collection စနစ် တပ်ဆင်ခြင်းအတွက် ကတ္တားများတပ်ဆင်ပြုပြင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ကျပ်
Lot(2) - အမရပူရမြို့နယ်၊ ရွှေကြက်ယက်ဂိတ်၊ ၆၂လမ်းဂိတ်၊ ၆၇လမ်းဂိတ်ပြင်ဆင်ခြင်းနှင့် ရွှေကြက်ယက်ဂိတ်တွင် Electronic Toll Collection စနစ်တပ်ဆင်ခြင်းအတွက် ကတ္တားများတပ်ဆင်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ကျပ်
Lot(3) - ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီဝန်ထမ်းအိမ်ရာ(C)ဆောင်၊ RC (၃)ထပ်ပြင်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ကျပ်
Lot(4) - ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည်ဈေး အမိုး၊ ရေတာလျှောက် ပြင်ဆင်ခြင်းနှင့်ဆက်စပ် လုပ်ငန်းများဆောက်ရွက်ခြင်း - ၁၀၀၀၀ကျပ်
Lot(5) - ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီဝန်ထမ်းအိမ်ရာ(A,B)ဆောင်၊ RC (၅)ထပ်ပြင်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ကျပ်

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၀၅၄၇၅၁၊ ၀၉-၂၀၀၁၂၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)၊ ဦးပိုင်နံပါတ်(၅၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်သန်းတင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်ပိုင်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်နိုင်ဝင်း(ဘ) ဦးလှရှိန်း(၈/ပခက(နိုင်)၁၇၅၄၃၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်နံပါတ်(၈၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝေယံကျော်ဦး(ဘ)ဦးအောင်ကျော်ဦး(၉/အမဇ(ပြု)၀၀၀၀၆၈) [၎င်း၏ကိုယ်စား ဖခင်ဖြစ်သူ ဦးအောင်ကျော်ဦး(ဘ)ဦးမင်းစင်(၉/မနမ(ပြု)၀၀၀၀၀၆)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် ရောင်းချ-ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လိုအပ်သည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၂)၊ ဦးပိုင်အမှတ်(၁၄/၁၂)အတွင်းမှ တောင်ဘက်ခဲစင်းပြမြေကွက်၏ လားရာအရပ်မှာ အရှေ့လားသော်-၈၉လမ်း၊ အနောက်လားသော်-ဦးငွေး၏မြေအစပ်၊ တောင်လားသော်-ဒေါ်ချော၏မြေအစပ်၊ မြောက်လားသော်-ဦးထွန်းရွှေ+ဒေါ်ခင်လှ၊ ဦးထွန်းနိုင်ဦးတို့၏မြေအစပ် စသည့် နယ်လေးရပ်အတွင်း တည်ရှိသည့် အရှေ့-အနောက်၊ တောင်ဘက်ခြမ်း ပေ(၇၀)၊ အရှေ့-အနောက် မြောက်ဘက်ခြမ်း ပေ(၇၀)၊ တောင်-မြောက် အရှေ့ဘက်ခြမ်း (၁၅)ပေ၊ တောင်-မြောက် အနောက်ဘက်ခြမ်း (၂၃)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အာရ်စီအဆောက်အအုံ၊ ရေ+မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ဝင်းသန္တာခိုင်(ဘ)ဦးလှဝင်း(၅/မလန(နိုင်)၀၂၂၆၄၂)ထံမှ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မင်းမင်းထက်(ဘ)ဦးမြတ်ဝိတ်(၁/မကတ(နိုင်)၀၆၄၄၇၇)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်းဝေယံမင်းခန့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၅၀)**
**အကွက်(၃၉၀)၊ သံ/နောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၈၁၆၆၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈၊ ဦးပိုင်နံပါတ်(၄၆+၄၅ $\frac{1}{2}$ W)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅ + ၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဝင်းနိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များ အနက် ဦးပိုင်နံပါတ်(၄၅ $\frac{1}{2}$ W)၊ မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မိုးကြည်(ဘ)ဦးထွန်းရီ(၉/မနတ(နိုင်)၁၀၄၂၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဘန့်တင်ကျေးရွာနေ ဒေါ်ဆွေဦး (၉/မနတ(နိုင်)၀၄၁၈၃၅)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ဆွေဦး၏ သား၊သမီးခြောက်ဦးအနက် သားအငယ်ဆုံးဖြစ်သူ ဦးအောင်အောင်ထွန်း(ဘ)ဦးကျော်မင်း(၉/ခမစ(နိုင်)၀၉၇၃၅၀)ကိုင်ဆောင်သူသည် မိခင်နှင့်မိသားစု မောင်နှမများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ ၎င်း၏သဘောဆန္ဒအတိုင်း မိခင်နှင့် ကျန်အစ်ကိုအစ်မများကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေသော ကိစ္စရပ်များ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဦးမှ ဦးအောင်အောင်ထွန်းအား ၎င်း၏သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်၍ ဦးအောင်အောင်ထွန်းနှင့် ပတ်သက်သော ငွေကြေးကိစ္စရပ်များ အပါအဝင် အခြားသော မည်သည့်ကိစ္စအဝဝကိုမျှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆွေဦးမှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ဦးအောင်အောင်ထွန်း ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆွေဦးထံ လာရောက်ဖြေရှင်းခိုင်းခြင်းဖြစ်စေ၊ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ခဲ့ပါက မည်သူ့ကိုမဆို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆွေဦး၏ သဘောဆန္ဒအရ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်ဆွေဦး(ဘ)ဦးအုန်းရွှေ**
**(၉ /မနတ(နိုင်)၀၄၁၈၃၅)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သရဖီဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**လမ်း၆၀(ဒီ)၊ ၁၁၅လမ်းနှင့် ၁၁၅(အေ)လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၆၅၅၁၄၆၃၉၊ ၀၉-၇၉၆၄၅၄၂၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၉)၊ ဦးပိုင်နံပါတ်(၄၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ ဦးခင်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးကြွယ်(ဘ)ဦးငွေး(၉/တသန(နိုင်)၁၉၁၈၁၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၆

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများမှ အသင်းများက စင်မြင့်ထက်တွင် နေရာယူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်(SEABPF)ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit နှင့်ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်(WBPF)ဥက္ကဋ္ဌ Mr. Datuk Paul Chua တို့က အမှာစကားပြောကြားကြသည်။

စာမျက်နှာ ၇ သို့ ✰




# ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း အနိုင်ရ

ရန်ကုန် မေ ၁၆

၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲများကို မေ ၁၆ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စတင်ကျင်းပရာ မြန်မာအသင်းအဖွင့်ပွဲတွင် အနိုင်ရခဲ့သည်။

စာမျက်နှာ ၇ သို့ ❋




# MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၆

၂၀၂၆ MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ကို မေ ၁၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ်(၂)တွင် YCDC Dream Team အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ကိုးဂိုး-သုံးဂိုး၊ YRG အသင်းက Royal Noka အသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ MIU အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၂ ဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက Gold Dream အသင်းကို ၁၀ ဂိုး-နှစ်ဂိုး၊ ULAD အသင်းက United City အသင်းကို ငါးဂိုး-ဂိုးမရှိ၊ JV အသင်းက Burmese Warriors အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယနေ့ကျင်းပသည့် ပွဲအားလုံး အရှုံးအနိုင်ရလဒ်ထွက်ပေါ်ပြီး ပွဲအားလုံး ဂိုးပြတ်ခဲ့သည်။

ပွဲစဉ်(၂)အပြီးတွင် ULAD အသင်း၊ Pacific Sun Far အသင်း၊ YRG အသင်း၊ MIU အသင်းနှင့် JV အသင်းတို့ နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ မောင်စံကြီး

# အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို မန်စီးတီးအသင်း ဆွတ်ခူး

**လန်ဒန် မေ ၁၆**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို မန်စီးတီးအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

မန်စီးတီးအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲအဆင့်တွင် ချဲလ်ဆီးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၇၂မိနစ်တွင် ဆီမီညိုက သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို (၈)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်း၏ ထုတ်ပြန်ချက်တွင် "အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

**(NGB)**

၀-၀-၀-၀




# လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွား

နေပြည်တော် မေ ၁၆

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့သည်။

မိုး/ဇလ

